# ဒသမတန်းစိတ်ကြိုက်မြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

အထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာသင်ရိုးဘာသာရပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် သင်ကြားခြင်းဖြစ်ပါသည်။

၁။ သုတ၊ ရသစကားပြေရေးဖွဲ့ပုံနှင့် အလင်္ကာတန်ဆာဆင်ပုံကို အကဲဖြတ်တတ်စေရန်

၂။ စာပေပုံစံအမျိုးမျိုးတို့ကို လေ့လာသိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၃။ ကဗျာပါအကြောင်းအရာနှင့် ကဗျာဖွဲ့စပ်ပုံကို နားလည်အကဲဖြတ်တတ်စေရန်

၄။ ပြဇာတ်နှင့် ဝတ္ထုတိုတို့၏ သဘောသဘာဝကို သိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၅။ မြန်မာစာပေသမိုင်းကို လေ့လာခြင်းဖြင့် ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာသော မြန်မာစာပေ၏ သမိုင်းစဉ်ကို သိရှိလာစေရန်

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)ဟူ၍ အဓိကအပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိက အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။


- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes)** – သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

**(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)-** အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

**(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**<u>သင်ခန်းစာအစတွင်</u>** –

- ❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။

❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

**သင်ခန်းစာအဆုံးတွင်–**

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (**Group Work**)- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

- **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

- **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

- **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

- **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ဖြိုင့်တင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

- **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

- **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

❖ **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

❖ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန် စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

## (၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ

❖ **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

❖ **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ်

သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

- **ကျောင်းသားများ၏သင်ယူမှုဂျာနယ်(Student Learning Journal)–** ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့်သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့် များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)–** အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

- အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

- ❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။
- ❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(၈) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –**
ဒသမတန်း၊ စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ် အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

**ဒသမတန်း(Grade-10)၊ စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)**

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စကားပြေ (ရသစကားပြေ) ၁။ ဝတ္ထုတို | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝခံစား တတ်ရန်<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ဝတ္ထုတို၏ သဘောတရားကို သိရန် | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝ ခံစားတတ် လာမည်။<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့် ရလာမည်။<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်လာမည်။<br>❖ ဝတ္ထုတို၏ သဘောတရား ကို သိလာမည်။ | ❖ ဝတ္ထုတို၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |
| (ရသစကားပြေ) ၂။ ပြဇာတ် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ပြဇာတ်၏ သဘောတရားကိုသိရန် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစား တတ်မည်။<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရမည်။<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်မည်။<br>❖ ပြဇာတ်၏သဘောတရား ကို သိမည်။ | ❖ ပြဇာတ်စာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| စကားပြေ (သုတရသစကားပြေ)<br>၁။ ရသစာတမ်း | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ ရသစာတမ်းကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ရသစာတမ်းမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ရသစာတမ်း၏ သဘောတရားကို သိရန် | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်လာမည်။<br>❖ ရသစာတမ်းကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရလာမည်။<br>❖ ရသစာတမ်းမှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်လာမည်။<br>❖ ရသစာတမ်း၏ သဘောတရားကို သိလာမည်။ | ❖ ရသစာတမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း။ |
| စကားပြေ (သုတရသစကားပြေ)<br>၂။ အတ္ထုပ္ပတ္တိ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့် ရရန်<br>❖ အတ္ထုပ္ပတ္တိစာပေမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကို သိရန်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်မည်။<br>❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရမည်။<br>❖ အတ္ထုပ္ပတ္တိစာပေမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်မည်။<br>❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကိုသိမည်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး မိမိ၏ အတ္ထုပ္ပတ္တိ၊ အခြားသူများ၏ အတ္ထုပ္ပတ္တိတို့ကို ရေးသားလာနိုင်ခြင်း |

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| စကားပြေ<br>(သုတစကားပြေ)<br>၁။ ဆောင်းပါး | ❖ ဆောင်းပါးများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ ဆောင်းပါးများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ ဆောင်းပါးများမှ သုတကိုထုတ်နုတ်မှတ်သားတတ်မည်။<br>❖ ဆောင်းပါးများ၏ ဗဟုသုတ ကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေမည်။<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေမည်။ | ❖ ဆောင်းပါး၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီးရေးသားလာနိုင်ခြင်း |
| စကားပြေ<br>(သုတစကားပြေ)<br>၂။ မှတ်တမ်း | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်လာမည်။<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာမည်။<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာမည်။ | ❖ မှတ်တမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး မှတ်တမ်းကောင်းများ ရေးသားလာနိုင်ခြင်း<br>❖ အလုပ်ကိစ္စများတွင် စနစ်တကျ ဆောင်ရွက်တတ်သော အလေ့အကျင့် ရလာနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| ကဗျာ<br>၁။ လင်္ကာ<br>၂။ အချိုး<br>၃။ အချင်း<br>၄။ ရတု<br>၅။ ယို့ | ❖ ကဗျာကို ဖတ်ရှုခံစား တတ်စေရန်<br>❖ ကဗျာ သဘောတရား များကို နားလည်စေရန်<br>❖ ကဗျာ စပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်စေရန် | ❖ ကဗျာကို ဖတ်ရှုခံစားတတ်လာမည်။<br>❖ ကဗျာ သဘောတရား များကို နားလည်လာမည်။<br>❖ ကဗျာစပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်လာမည်။ | ❖ ကဗျာ့ သဘောသဘာဝနှင့် အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီး ရေးဖွဲ့လာနိုင်ခြင်း<br>❖ ကဗျာတစ်ပုဒ်တွင် တွေ့ရသော အသံစနစ်၊ ကာရန်စနစ်တို့ကို ကြည့်ပြီး ကဗျာ အမျိုးအစားတို့ကို ခွဲခြားနိုင်ခြင်း |
| စာပေသမိုင်း<br>၁။ ပုဂံခေတ်<br>၂။ ပင်းယခေတ်<br>၃။ အင်းဝခေတ်<br>၄။ တောင်ငူခေတ်<br>၅။ ညောင်ရမ်းခေတ်<br>၆။ ကုန်းဘောင်ခေတ်<br>၇။ ကိုလိုနီခေတ်<br>၈။ လွတ်လပ်ရေးခေတ် | ❖ စာပေခေတ်များကို သိရှိစေရန်<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိစေရန်<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာ ခေတ်ကို ယှဉ်တွဲသိရှိ စေရန် | ❖ စာပေခေတ်များကို သိရှိလာမည်။<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိလာမည်။<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာခေတ်ကို ယှဉ်တွဲသိရှိလာမည်။ | ❖ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် တို့တွင် ထွန်းကား ခဲ့သော စာပေ အမျိုးအစားတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ကို တင်ပြလာနိုင်ခြင်း |

## စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | စကားပြေ | ❖ စကားပြေ၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရာဇကုမာရ်ကျောက်စာအရေးအသားကို လေ့လာခြင်း<br>❖ ပညာ စကားပြေ၏ အကြောင်းအရာကို ရှင်းပြခြင်း<br>❖ ပညာစကားပြေအရေးအသားကို လေ့လာခြင်း<br>❖ ရှင်မဟာသီလဝံသ၏ ရေးဟန်ကိုလေ့လာခြင်း |
| ၂ | ၁ | ကဗျာဖွဲ့နည်းမိတ်ဆက် | ❖ ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ရည်ရွယ်ချက် |
| | ၁ | ကဗျာ | ❖ ကဗျာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်သဘောသဘာဝ | ❖ ပြဇာတ်သဘောသဘာဝနှင့်အင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ ဇာတ်လမ်းသဘောသဘာဝကိုရှင်းပြခြင်း<br>❖ ဇာတ်ဆောင်သဘောသဘာဝ ကိုရှင်းပြခြင်း |
| ၃ | ၂ | ပြဇာတ်သဘောသဘာဝ | ❖ ကာလဒေသနောက်ခံသဘောသဘာဝ ကို ရှင်းပြခြင်း<br>❖ အာလုပ်သဘောသဘာဝကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်ကိုလေ့လာခြင်း | ❖ မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်ကို ပြဇာတ်သဘောသဘာဝများနှင့် ချိန်ထိုးလေ့လာခြင်း<br>❖ မဟော်ကျေးစေခန်းပြဇာတ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာပြခြင်း<br>❖ နှစ်သက်ရာပြဇာတ်တစ်ပုဒ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာခြင်း |
| ၄ | ၅ | ဆောင်းပါး | ❖ ဆောင်းပါးသဘောသဘာဝ ကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအမျိုးအစားကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ သဒ္ဒါအထားအသိုနှင့်စာလုံးပေါင်းသတ်ပုံကို လေ့လာခြင်း<br>❖ ရည်ရွယ်ချက်ကိုထောက်ပံ့ပေးသည့် အကြောင်းအရာများကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၅ | ၁ | အသံ (ကဗျာဖွဲ့နည်း) | ❖ အသံအရည်အသွေးများ ကိုရှင်းပြခြင်း |
| | ၄ | မဟော်ကျေးစေခန်း | ❖ ဦးကြင်ဥ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းရှင်းပြခြင်း<br>❖ အာလုပ်အဖွဲ့များလေ့လာခြင်း<br>❖ ဆိုင်းဆင့်ပတ်တိုက်များကိုလေ့လာခြင်း |
| ၆ | ၅ | ပုဂံခေတ်စာပေသမိုင်း | ❖ ပုဂံအကြောင်းမိတ်ဆက်ခြင်း<br>❖ ပုဂံခေတ်စဉ်ပိုင်းဖြတ်ပုံကိုရှင်းပြခြင်း<br>❖ အုတ်ခွက်စာ၊ စဥ့်ကွင်းစာ၊ မင်စာ၊ ကျောက်စာကို ရှင်းပြခြင်း<br>❖ လင်္ကာကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| ၇ | ၁ | ပုဂံခေတ်စာပေသမိုင်း | ❖ နားလည်မှုဆိုင်ရာမေးခွန်းများဖြေဆိုခြင်း |
| | ၄ | ရသစာတမ်း | ❖ ရသစာတမ်း၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရသစာတမ်းအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ စာရေးသူ၏ကိုယ်ရည်ကိုယ်သွေးဖော်ထုတ်ခြင်း<br>❖ အတွေးအမြင်ခံစားမှုများကိုဖော်ထုတ်ခြင်း |
| ၈ | | ပထမနှစ်ဝက်စာမေးပွဲ | |
| ၉ | ၁ | ရသစာတမ်း | ❖ စာရေးသူ၏ခံစားမှုကိုဖော်ထုတ်ခြင်း |
| | ၃ | နရီ | ❖ နရီ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ နရီရှာခြင်း<br>❖ ပုံမှန်၊ အနှေး၊ အမြန် နရီစည်းချက်များရှာခြင်း |
| | ၁ | မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ | ❖ စိန်ခင်မောင်ရီ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၀ | ၂ | မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ | ❖ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကိုလေ့လာခြင်း<br>❖ ရသများကိုခံစား၍ ဘဝသင်ခန်းစာများကို ဖော်ထုတ်ခြင်း |
| | ၃ | ပင်းယခေတ်စာပေသမိုင်း | ❖ ပင်းယခေတ်အကြောင်း မိတ်ဆက်ခြင်း<br>❖ ပင်းယခေတ်ကျောက်စာများကို ရှင်းပြခြင်း<br>❖ ရတု၊ တျာချင်း၊ ကာချင်း ကဗျာများကို ရှင်းပြခြင်း |
| ၁၁ | ၂ | ပင်းယခေတ်စာပေသမိုင်း | ❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း<br>❖ အမှား၊ အမှန် ရွေးခြင်း |
| | ၃ | ခရီးသွားမှတ်တမ်း | ❖ ခရီးသွားမှတ်တမ်း၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းပုံသဏ္ဌာန်များကို ရှင်းပြခြင်း |
| ၁၂ | ၂ | ခရီးသွားမှတ်တမ်း | ❖ ခံစားမှုနှင့်ယှဉ်၍ ရေးသားချက်များကို လေ့လာခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များနှင့် ချိန်ထိုးလေ့လာခြင်း |
| | ၃ | ကာရန် | ❖ ကာရန်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ ကာရန်ရှာခြင်း<br>❖ မှားနေသည့်ကာရန်များကို အမှန်ပြင်ခြင်း |
| ၁၃ | ၅ | ဝတ္ထုတို | ❖ ဝတ္ထုတို၏သဘောသဘာဝနှင့်အင်္ဂါရပ်ကို ရှင်းပြခြင်း<br>❖ အာဘော်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်ကို ရှင်းပြခြင်း<br>❖ ကာလဒေသနောက်ခံကို ရှင်းပြခြင်း<br>❖ ဝတ္ထုအရေးအသားကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၄ | ၃ | ဆောင်ပုဒ်(လင်္ကာ) | ❖ ဆောင်ပုဒ်(လင်္ကာ)၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ကာရန်ပါသည့်ဆောင်ပုဒ်နှင့် ကာရန်မပါသည့် ဆောင်ပုဒ်ကိုခွဲခြားစေခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများမှ နရီကိုရှာခြင်း |
| | ၂ | ဆောင်ပုဒ်(လင်္ကာ) လက်တွေ့ | ❖ ဆောင်ပုဒ်လင်္ကာတစ်ခုဖြစ်အောင် ဖြည့်စွက်ခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများကိုရေးသားခြင်း |
| ၁၅ | ၃ | အတ္ထုပ္ပတ္တိစာပေ | ❖ အတ္ထုပ္ပတ္တိစာပေပုံစံများကို ရှင်းပြခြင်း<br>❖ စာရေးသူ၏အတ္ထုပ္ပတ္တိရှင်အပေါ်ထားသည့် ခံစားချက်ကို ဖော်ထုတ်ခြင်း<br>❖ အတ္ထုပ္ပတ္တိရှင်၏စရိုက်သဘာဝများကို လေ့လာခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ကဗျာများ၏ နရီစည်းဝါးကို ရှာခြင်း<br>❖ ကာရန်တူများကို ရှာခြင်း |
| ၁၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ဆောင်ပုဒ်(လင်္ကာ)ရေးခြင်း |
| | ၄ | သူအိုမကြီး | ❖ စလေဦးပုညအတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဝတ္ထုဇာတ်လမ်းနှင့် အားပြိုင်မှုများကို ရှင်းပြခြင်း<br>❖ သူအိုမကြီး၏စရိုက်ကို လေ့လာခြင်း<br>❖ ဦးပုည၏အာဝဇ္ဇန်းကို လေ့လာခြင်း |
| ၁၇ | ၁ | သူအိုမကြီး | ❖ အထွေထွေသရုပ်ဖော်အဖွဲ့ကို လေ့လာခြင်း |
| | ၃ | သံပေါက်လင်္ကာ | ❖ သံပေါက်ကဗျာ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံပေါက်စပ်နည်းနှင့် ကာရန်စနစ်ကို သင်ကြားခြင်း<br>❖ သံပေါက်ကဗျာမှ ကာရန်ရှာခြင်း |
| | ၁ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာစပ်နည်းကို သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၈ | ၂ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာ၏ ကာရန်စပ်နည်းကို သင်ကြားခြင်း<br>❖ ကာရန်၊ ကာရန်ယူပုံစနစ်၊ နရီစည်းဝါးရှာခြင်း |
| | ၃ | အခမဲ့ကူလီထမ်းခြင်း၏ အကျိုး | ❖ ဦးဖိုးကျား၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းနှင့် ဝတ္ထု၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်များနှင့် လူ့သဘော၊ လူ့သဘာဝ အဖွဲ့များကို လေ့လာခြင်း<br>❖ အားပြိုင်မှုများနှင့် ဦးဖိုးကျား၏စကားအသုံးအနှုန်း များကို လေ့လာခြင်း |
| ၁၉ | ၅ | အင်းဝခေတ်မြန်မာစာပေ | ❖ အင်းဝခေတ်အကြောင်းမိတ်ဆက်ခြင်း<br>❖ အင်းဝခေတ်စာဆိုများကို မိတ်ဆက်ခြင်း<br>❖ ကျောက်စာ၊ ရာဇဝင်ကျမ်း၊ ဗုဒ္ဓစာပေဝတ္ထုကို ရှင်းပြခြင်း<br>❖ မော်ကွန်း၊ ဧချင်း၊ ရတု၊ ပျို့ကို ရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကိုဖြေဆိုခြင်း |
| ၂၀ | | ပထမနှစ်ဝက် အခန်းဆုံးစစ်ဆေး | |
| ၂၁ | ၃ | သံချပ် | ❖ သံချပ်၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံချပ်ထိုးခြင်း<br>❖ သံချပ်၏ ကာရန်ယူပုံစနစ်ကို ရှာခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ | ❖ လင်္ကာ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ လေးလုံးစပ်လင်္ကာ၏ကာရန်ယူပုံစနစ်များကို ရှင်းပြခြင်း |
| ၂၂ | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ ကာရန်ယူပုံစနစ်နှင့် အချပဒများကိုရှာခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၃ | ပညာတော်သင် | ❖ မောင်အာယု၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ကိုလိုနီခေတ်ကြေးမုံ၊ နောက်ခံဝန်းကျင်နှင့် သရုပ်ဖော်အဖွဲ့ကောင်းများကိုလေ့လာခြင်း<br>❖ ရသ ၉ ပါးကို ခံစားခြင်း |
| | ၁ | စာပေသမိုင်းချိတ်ဆက် | ❖ သင်ခန်းစာနှင့်ချိတ်ဆက်သင်ကြားခြင်း |
| ၂၃ | ၃ | အချိုးကဗျာနိဒါန်း | ❖ အချိုးကဗျာအမျိုးအစားများအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာစပ်နည်းကို သင်ကြားခြင်း<br>❖ ဒွေးချိုးကဗျာ၏ အခံချိုး၊အအုပ်ချိုး၊ပဒများကို ရှာခြင်း |
| | ၂ | အသံအချီအချ | ❖ ချီသံ၊ ချသံအကြောင်း ရှင်းပြခြင်း<br>❖ ပကတိသံ၊ ချီသံ၊ ချသံကို သင်ကြားခြင်း |
| ၂၄ | ၁ | အသံအချီအချ | ❖ အချိုးကဗျာ၏ချီသံချသံများကို ရှာခြင်း |
| | ၄ | ပြဇာတ်လက်တွေ့ | ❖ ပြဇာတ်ကို အဖွဲ့လိုက် ကပြသရုပ်ဆောင်ခြင်း |
| ၂၅ | ၃ | မိုးဦးကျ | ❖ ကြယ်နီ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ နောက်ခံဝန်းကျင်အဖွဲ့နှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ အထွေထွေသရုပ်ဖော်အဖွဲ့များနှင့် သရုပ်ဖော်အဖွဲ့များကို လေ့လာခြင်း<br>❖ ရသများကိုခံစားခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း<br>(ကဗျာရွေးချယ်ချက်) | ❖ လင်္ကာနှင့် သံပေါက်ကဗျာကိုလေ့ကျင့်ခြင်း<br>❖ သုံးကြောင်းကဗျာနှင့် သံချပ်ကဗျာကိုလေ့ကျင့်ခြင်း |
| ၂၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း<br>(ကဗျာရွေးချယ်ချက်) | ❖ အချိုးကဗျာဖြစ်အောင် ဖြည့်ခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ<br>(ကဗျာဖွဲ့နည်း လက်တွေ့) | ❖ လေးလုံးစပ်လင်္ကာတစ်ပုဒ် လက်တွေ့ရေးဖွဲ့ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၃ | ရောင်းခါစ | ❖ မင်းရှင်၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းနှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ ဇာတ်ဆောင်စရိုက်အဖွဲ့များနှင့် လူ့သဘောလူ့သဘာဝများကို လေ့လာခြင်း |
| ၂၇ | ၂ | ရတု | ❖ ရတု၏အဓိပ္ပာယ်နှင့် အမျိုးအစားကို ရှင်းပြခြင်း<br>❖ နေဝင်မြင်သည်ဝရွှေပြည်ရတု၏ အကြောင်းအရာနှင့် အရေးအသားကိုလေ့လာခြင်း |
| | ၂ | ပျို့ | ❖ ပျို့၏အဓိပ္ပာယ်နှင့် အမျိုးအစားကိုရှင်းပြခြင်း<br>❖ ပုတ္တောဝါဒပျို့၏အကြောင်းအရာနှင့် အရေးအသားကို လေ့လာခြင်း |
| | ၁ | ကဗျာလက်တွေ့ | ❖ ပျို့၊ ရတုကဗျာများကို ရွတ်ဖတ်ခြင်း |
| ၂၈ | ၅ | | ဒုတိယနှစ်ဝက်စာမေးပွဲ |
| ၂၉ | ၃ | လူရိုးဆိုတာ | ❖ လယ်တွင်းသားစောချစ်၏ အတ္ထုပ္ပတ္တိကို ရှင်းပြခြင်း<br>❖ ဝတ္ထု၏ရည်ရွယ်ချက်နှင့် ဇာတ်လမ်းအတင်အပြကို လေ့လာခြင်း<br>❖ လူ့သဘော၊ လူ့သဘာဝနှင့် ဘဝပြဿနာများကို ဖော်ထုတ်ခြင်း |
| | ၂ | စကားပြေလက်တွေ့ | ❖ အတ္ထုပ္ပတ္တိတစ်ခုကို လက်တွေ့ရေးသားခြင်း<br>❖ ခရီးသွားမှတ်တမ်းတစ်ခုကို လက်တွေ့ရေးသားခြင်း |
| ၃၀ | ၅ | အချိုး | ❖ အချိုးကဗျာများ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ဒွေးချိုးအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာ၏သင်ခန်းစာများကို ဖြေဆိုခြင်း<br>❖ တြိချိုး၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ တြိချိုးကဗျာ၏ သင်ခန်းစာများကို ဖြေဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၁ | ၄ | အချိုး | ❖ လေးချိုးကဗျာများကို ရွတ်ဖတ်ခြင်း<br>❖ လေးချိုး၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ လေးချိုးကဗျာ၏ ကာရန်ရှာခြင်း<br>❖ လေးချိုးကဗျာ၏သင်ခန်းစာများကိုဖြေဆိုခြင်း |
| | ၁ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများကိုရွေးချယ်ခြင်း |
| ၃၂ | ၅ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများ၏ အချိုးသတ်ကာရန်များကို ရှာစေခြင်း<br>❖ ဒွေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ တြိချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ လေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ အချိုးတွဲကဗျာလက်တွေ့စပ်ဆိုခြင်း |
| ၃၃ | ၅ | ပြဇာတ်လက်တွေ့ | ❖ အုပ်စုလိုက်ပြဇာတ်ကပြခြင်း<br>❖ အုပ်စုလိုက်ပြဇာတ်ရေးသားခြင်း |
| ၃၄ | ၅ | (ကဗျာဖွဲ့နည်း)<br>ကဗျာလက်တွေ့ | ❖ လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ ဆောင်ပုဒ်လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ သံပေါက်ကို လက်တွေ့ရေးသားခြင်း<br>❖ သံချပ်ကို လက်တွေ့ရေးသားခြင်း<br>❖ သုံးကြောင်းကဗျာကို လက်တွေ့ရေးသားခြင်း |
| ၃၅ | ၅ | အရန်စာသင်ချိန် | |
| ၃၆ | ၅ | ဒုတိယနှစ်ဝက် အခန်းဆုံးစစ်ဆေး | |

- ❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်
- ❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်
- ❖ လျာထားစာသင်ချိန် ၁၂၃ ချိန်
- ❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၆ ချိန်
- ❖ ပြန်လှန်လေ့ကျင့်ရန် လျာထားစာသင်ချိန် ၆ ချိန်
- ❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (<u>I</u>ntroduction) | မူလတန်းနှင့် အလယ်တန်းတို့တွင်သင်ကြားခဲ့ဖူးသည့် သင်ခန်းစာအချို့ကို ပြန်လည်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ စာဆို၏အထ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းဖြင့်လည်းကောင်း၊ စာဆို၏ စာပေလက်ရာများကို မိတ်ဆက်ခြင်းဖြင့် လည်းကောင်း သင်ခန်းစာကိုနိဒါန်းပျိုးပါ။ |
| **T** | သင်ကြားခြင်း (<u>T</u>each) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (<u>P</u>ractice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြု ဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည် သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများ သည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင်–</u>

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>သင်ခန်းစာအဆုံးတွင်–</u>

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ် စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည် မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမို ကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-** လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝ ခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှု များမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)-** အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)-** ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

## မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို ဆရာလမ်းညွှန် ယေဘုယျလမ်းညွှန်ချက်

### သင်ကြားရေးရည်ရွယ်ချက်

မြန်မာပြဇာတ်နှင့်မြန်မာဝတ္ထုတိုကို သင်ကြားခြင်းသည် ပြဇာတ်၏ သဘောသဘာဝနှင့် ဝတ္ထု၏ သဘောသဘာဝကို လေ့လာခြင်းလည်း ဖြစ်သည်။ ပြဇာတ်၊ ဝတ္ထုတိုတို့၌ ထင်ဟပ်နေသည့် ခေတ်ကြေးမုံ၊ လူ့သဘောလူ့သဘာဝများကို သင်ကြားနေခြင်းလည်းဖြစ်သည်။ ပြဇာတ်ကို သင်ကြားရာတွင် ရှေးပြဇာတ်၏သဘောသဘာဝနှင့် ခေတ်ပြဇာတ်၏သဘောသဘာဝ ခွဲခြားလေ့လာတတ်စေရန် ရည်ရွယ်ပါသည်။ မြန်မာဝတ္ထုတိုကို သင်ကြားရာတွင် ဇာတ်လမ်းပဓာန၊ ဇာတ်ဆောင်ပဓာန၊ ကာလနောက်ခံပဓာန အာဘော်ပဓာနဝတ္ထုများ၏ သဘောသဘာဝကို ခွဲခြားလေ့လာတတ်စေရန် ရည်ရွယ်ပါသည်။ အခြေခံပညာအထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာတွင် ပြဋ္ဌာန်းသော မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုရွေးချယ်ချက်ကို သင်ကြားရာတွင် အောက်ပါ ရည်ရွယ်ချက်တို့ကို ပေါက်မြောက်အောင်မြင်စေရန် ဦးတည်သင်ကြားရမည် ဖြစ်ပါသည်။

၁။ ပြဇာတ်၏အင်္ဂါရပ်များကို သိရှိစေရန်

၂။ ရှေးပြဇာတ်၊ ခေတ်ပြဇာတ်တို့၏ သဘောသဘာဝကို သိရှိစေရန်

၃။ ပြဇာတ်စာပေအရေးအသားတို့ကို ဝေဖန်အကဲခတ်တတ်စေရန်

၄။ ဝတ္ထုတို၏အင်္ဂါရပ်များကို သိရှိစေရန်

၅။ ရှေးဝတ္ထုတိုနှင့် ခေတ်ဝတ္ထုတို၏ သဘောသဘာဝကို သိစေရန်

၆။ ဝတ္ထုတိုအရေးအသားတို့ကို ဝေဖန်အကဲခတ်တတ်စေရန်

### ယေဘုယျလမ်းညွှန်

ဤသို့ သင်ကြားရာတွင် စိတ်ကြိုက်မြန်မာစာ မြန်မာပြဇာတ်နှင့်မြန်မာဝတ္ထုတိုစာအုပ်မှ အမှာစာ၏ ယေဘုယျလမ်းညွှန်ချက်ကို အသုံးပြုလျက် တစ်ပုဒ်ချင်းစီကို စာပေအမျိုးအစားအလိုက် သင်ကြားရန်ဖြစ်သည်။

မြန်မာပြဇာတ်အပိုင်း၌ ရှေးပြဇာတ်နှင့် ခေတ်ပြဇာတ်ဟူ၍ ခွဲခြားထားပါသည်။ ရှေးပြဇာတ်သည် ကုန်းဘောင်ခေတ်နှောင်း စာဆိုဦးကြင်ဥ၏ "မဟော်ပြဇာတ်"မှ "မဟော်ကျေးစေခန်း"ကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ခေတ်ပြဇာတ်တွင်မူ လွတ်လပ်ရေးခေတ်စာဆို စိန်ခင်မောင်ရီ၏ "မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်ကို ပြဋ္ဌာန်းထားပါသည်။

မြန်မာပြဇာတ်များကို ကျောင်းသားများအား သင်ကြားပေးရာတွင် ပြဇာတ်၏ သဘော သဘာဝနှင့် ပြဇာတ်၏အင်္ဂါရပ်များကို ပေါ်လွင်ထင်ရှားအောင် ဦးတည်သင်ကြားပေးရန် ဖြစ်ပါသည်။ ပြဇာတ် ကိုသင်ကြားရာတွင် အောက်ပါအချက်များအတိုင်း သင်ကြားရမည်ဖြစ်ပါသည်။

- ပြဇာတ်ရေးဖွဲ့ရာတွင် မည်သည့်အကြောင်းအရာတို့ကို အခြေခံပုံ
- ပြဇာတ်အင်္ဂါရပ်များနှင့်အညီ မည်သို့ရေးဖွဲ့ပုံ
- ဇာတ်ညွှန်းစကား၊ ဆိုင်းဆင့်ပတ်တိုက်စကား၊ အာလုပ်စကားများမည်သို့ ရေးသားပုံ
- ဇာတ်ဆောင်စရိုက်၊ လူ့သဘာဝစရိုက်တို့ကို မည်သို့ပုံဖော်ထားပုံ
- အချီအချစကားတို့၏ အရေးပါပုံ

ဟူသောအချက်များကို အာရုံပြု၍ သင်ကြားပေးရန်ဖြစ်ပါသည်။ ထို့ပြင်ရှေးပြဇာတ်နှင့် ခေတ်ပြဇာတ်မှာ ဆက်စပ်နေသည့်အတွက် ၎င်းတို့၏ တူညီချက်၊ ကွဲပြားချက်များကို သင်ကြားပေးရန်ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ မြန်မာဝတ္ထုတိုအပိုင်း၌ ရှေးဝတ္ထုတိုနှင့် ခေတ်ဝတ္ထုတိုဟူ၍ ခွဲခြားထားပါသည်။ ရှေးဝတ္ထုတွင် ကုန်းဘောင်ခေတ်နှောင်း စာဆိုစလေဦးပုည၏ "ဝတ္ထုလေးပုဒ်"မှ "သူအိုမကြီး" ဝတ္ထုကို ရှေးဝတ္ထုသင်ကြားရေးအတွက် ပြဋ္ဌာန်းထားပါသည်။ ခေတ်ဝတ္ထုတွင်မူ ကိုလိုနီခေတ်စာဆို ဦးဖိုးကျား၏ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး"၊ မောင်အာယု၏ "ပညာတော်သင်"၊ ကြယ်နီ၏ "မိုးဦးကျ"၊ လွတ်လပ်ရေးခေတ်စာဆို မင်းရှင်၏ "ရောင်းခါစ"၊ လယ်တွင်းသားစောချစ်၏ "လူရိုးဆိုတာ" ဝတ္ထုတိုတို့ကို ပြဋ္ဌာန်းထားပါသည်။

မြန်မာဝတ္ထုတိုများကို ကျောင်းသားများအား သင်ကြားပေးရာတွင် ဝတ္ထု၏ သဘောသဘာဝနှင့် ဝတ္ထု၏အင်္ဂါရပ်များကို ပေါ်လွင်ထင်ရှားအောင် ဦးတည်သင်ကြားပေးရန် ဖြစ်ပါသည်။ ဝတ္ထု၏ သဘောသဘာဝဆိုရာ၌

- ဝတ္ထုရေးဖွဲ့ရာတွင် မည်သည့်ရှုထောင့်များမှရေးသားရပုံ
- ဝတ္ထုအင်္ဂါရပ်များနှင့်အညီ မည်သို့ရေးဖွဲ့ရပုံ
- ဇာတ်လမ်းကို မည်သို့ဖော်ဆောင်သွားပုံ
- ဇာတ်ဆောင်စရိုက်၊ လူ့သဘာဝစရိုက်တို့ကိုမည်သို့ ပုံဖော်ထားပုံ
- ကာလဒေသနောက်ခံအရေးပါပုံ
- အထွေထွေသရုပ်ဖော်အဖွဲ့များ၏အရေးပါပုံ

ဟူသော အချက်များကို အာရုံပြု၍ သင်ကြားပေးရန် ဖြစ်ပါသည်။ ဝတ္ထုတိုကို သင်ကြားရာတွင် ရှေးဝတ္ထုတိုနှင့် ခေတ်ဝတ္ထုတို၏ တူညီချက်၊ ကွဲပြားချက်များကို သင်ကြားပေးသင့်ပါသည်။

ပြဇာတ်နှင့် ဝတ္ထုတို့ကို သင်ကြားပို့ချပေးရာတွင် ပြဇာတ်ကို လက်တွေ့သရုပ်ဆောင်စေခြင်းနည်းဖြင့် သင်ကြားပေးရပါမည်။ အဓိကအရေးပါသော ဇာတ်လမ်း သို့မဟုတ် ဇာတ်ဆောင် သို့မဟုတ် ကာလ ဒေသနောက်ခံ သို့မဟုတ် အာဘော် စသည့်အချက်များကိုသာ မီးမောင်းထိုးလျက် သင်ကြားသွားမည်ဆိုပါက ကျောင်းသားများ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

သင်ကြားရာတွင် မူလတန်းနှင့် အလယ်တန်းတို့၌ သင်ကြားခဲ့သည့် ပြဇာတ်၊ ဝတ္ထုတိုများ အပြင် အခြားပြဇာတ်၊ ဝတ္ထုတိုများကိုလည်း ဗဟုသုတအဖြစ် ထည့်သွင်းသင်ကြားပေးသင့်ပါသည်။

ထိုသို့ ပြဌာန်းစာအပြင် ပြင်ပစာများကိုပါ ဆက်စပ်သင်ကြားပေးခြင်းအားဖြင့် ပြဇာတ်သဘောသဘာဝ၊ ဝတ္ထုတို၏သဘောသဘာဝများကို မိမိရရသဘောပေါက် နားလည်သိရှိသွားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## တစ်ပုဒ်ချင်း သင်ကြားမှုလမ်းညွှန်

မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုတွင် တစ်ပုဒ်ချင်းစီ၏ မိတ်ဆက်၌ ပါဝင်သော လမ်းညွှန်ချက် အတိုင်း ဦးတည်သင်ကြားရပါမည်။ တစ်ပုဒ်ချင်းစီအလိုက် သင်ကြားရာတွင် တစ်ပုဒ်လျှင် စာသင်ချိန် ၂ ချိန် သတ်မှတ်ပြီး လုပ်ငန်းစဉ် ၂ ရပ်ဖြင့် သင်ကြားရပါမည်။ ထို့နောက် တစ်ပုဒ်ချင်းသင်ကြားရသည့် ရည်ရွယ်ချက်အသီးသီး ပေါက်မြောက်အောင်မြင်စေရန် သင်ကြားမှုလမ်းညွှန်ချက်များအရ သင်ကြားသွားရန် ဖြစ်ပါသည်။

## တစ်ပုဒ်ချင်း ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်

ကျောင်းသားများသည် သင်ခန်းစာများကို တစ်ပုဒ်ချင်း ကျေကျေညက်ညက် သဘောပေါက်စေရေးအတွက် ဆွေးနွေးလေ့ကျင့်နိုင်ရန် လမ်းညွှန်အဖြစ် မေးခွန်းများပေးထားပါသည်။ မေးခွန်းများကို ဖြေစေခြင်း၊ ဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်ရန် ဖြစ်ပါသည်။

## စာအညွှန်းများ

ပြဇာတ်နှင့် ဝတ္ထုတိုသင်ကြားရာတွင် ဆရာများ ကိုးကားရန်အတွက် စာအညွှန်းများကို စာအမျိုးအစားအလိုက် သို့မဟုတ် အခန်းအလိုက် ဖော်ပြထားပါသည်။ ထိုစာအညွှန်းများကို ရှာဖွေဖတ်ရှုလေ့လာထားခြင်းဖြင့် သက်ဆိုင်ရာ သင်ခန်းစာသင်ကြားရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ဆရာများအနေဖြင့် စာအညွှန်းတွင်ဖော်ပြထားသော စာအုပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုလေ့လာထားပြီး သင်ကြားရေးအတွက် အထောက်အကူဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ထားသင့်ပါသည်။

## လေ့လာမှုမှ လေ့ကျင့်မှုသို့

ကျောင်းသားများသည် ပြဇာတ်၊ ဝတ္ထုတိုတို့ကို သင်ယူလေ့လာပြီးနောက် သင်ခန်းစာများနှင့် လက်တွေ့ဘဝတို့ကို ဆက်စပ်တွေးခေါ်ဆင်ခြင်တတ်လာပြီး မှတ်သားလေ့ကျင့်စေခြင်းဖြင့် သင်ရိုးရည်ရွယ်ချက်နှင့်အညီ အောင်မြင်ပေါက်မြောက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## သင်ယူမှုရလဒ်များ

- ❖ ပြဇာတ်၏သဘောသဘာဝ၊ ဝတ္ထုတို၏သဘောသဘာဝကို သိရှိလာမည်။
- ❖ ပြဇာတ်၏အင်္ဂါရပ်၊ ဝတ္ထုတို၏အင်္ဂါရပ်တို့ကို သိရှိပြီး ထိုအင်္ဂါရပ်များနှင့်အညီ ချိန်ထိုးလေ့လာတတ်လာမည်။
- ❖ ပြဇာတ်ထဲမှ ဇာတ်လမ်းဇာတ်ကွက်အတိုင်းလက်တွေ့သရုပ်ဆောင်ခြင်း၊ ပြောဆိုတတ်လာခြင်း၊ ရေးသားခြင်းတို့ကို ပြုလုပ်လာနိုင်မည်။
- ❖ ရသစာပေကို ချစ်မြတ်နိုးတတ်လာမည်။
- ❖ ဝတ္ထုတိုအရေးအသားနှင့် ရင်းနှီးကျွမ်းဝင်လာပြီး ဝတ္ထုတိုကို ကိုယ်တိုင်ရေးသား ဖန်တီးတတ်လာမည်။
- ❖ ပြဇာတ်အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်လာပြီး ပြဇာတ်ကို ကိုယ်တိုင်ရေးသား ဖန်တီးတတ်လာမည်။
- ❖ ရသစာပေကပေးသော နှစ်သက်မှုနှင့်အတူ ဆင်ခြင်စဉ်းစားဉာဏ် ရင့်သန်လာမည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- ❖ စာအရေးအသား ၄ မျိုးကို ကောက်နုတ်မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ
- ❖ စာရေးဆရာတို့၏ အတ္ထုပ္ပတ္တိနှင့် မှတ်တမ်းဓာတ်ပုံများ
- ❖ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုကျောင်းသုံးစာအုပ်ပါ သင်ခန်းစာခေါင်းစဉ်များနှင့် ပတ်သက်သည့် အချက်အလက်အထောက်အထားများ

## စစ်ဆေးအကဲဖြတ်ခြင်း

- ❖ သင်ခန်းစာအပိုင်း ၃ ပိုင်းစလုံးတွင်ပါဝင်သော စွမ်းရည် ၄ ရပ် ကျွမ်းကျင်တတ်မြောက်မှုကို အတန်းတွင် လေ့ကျင့်သင်ကြားရင်း စဉ်ဆက်မပြတ် အကဲဖြတ်သွားရန် အထူးအရေးကြီးပါသည်။ စဉ်ဆက်မပြတ် အကဲဖြတ်ရန်အတွက် ဆရာလမ်းညွှန်ပါ စစ်ဆေးအကဲဖြတ်ခြင်းအပိုင်းကို အထူးအလေးထား လုပ်ဆောင်သွားကြရန်လိုအပ်ပါသည်။



DBE BOX

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု

- ❖ ကျောင်းသုံးစာအုပ်ပါ ပြဇာတ်၊ ဝတ္ထုတိုများကို အုပ်စုဖွဲ့ဖတ်ခြင်း၊ အပြန်အလှန်သရုပ်ဆောင်ခြင်း၊ လေ့ကျင့်ခန်းမေးခွန်းများကို အုပ်စုလိုက်စုပေါင်းအဖြေရှာခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု စွမ်းရည်
- ❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းအပြန်အလှန် ဆွေးနွေးအဖြေရှာခြင်းဖြင့် ဆက်သွယ်မှု စွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ အဖြေ မှန်၊ မမှန်ကို စဉ်းစားခြင်းဖြင့် တစ်ဆင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ ပြဇာတ်တစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်ကို လက်တွေ့ရေးသားခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည် တို့ကို ရရှိလာမည်။
- ❖ ပြဇာတ်နှင့် ဝတ္ထုမှရရှိသော ဗဟုသုတအကြားအမြင်၊ ဘဝအသိအမြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာပြီးနိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာမည်။

# ပြဇာတ်သဘောသဘာဝ

**သင်ခန်းစာခေါင်းစဉ်** – ပြဇာတ်သဘောသဘာဝ

**ရည်ရွယ်ချက်** – ပြဇာတ်စာပေတို့၏ သဘောသဘာဝကိုသိရှိစေရန်၊ ပြဇာတ်တစ်ပုဒ်ကို လေ့လာတတ်စေရန်၊ ဖန်တီးရေးသားတတ်ရန်

**သင်ယူမှုရလဒ်** – ပြဇာတ်သဘောသဘာဝကို သိရှိလာပြီး ပြဇာတ်တစ်ပုဒ်ကို လေ့လာတတ်လာမည်။ ဖန်တီးရေးသားတတ်လာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း၊ ဖွင့်ဆိုရှင်းပြနည်း

**သင်ထောက်ကူပစ္စည်း** – ပြဇာတ်သဘောသဘာဝနှင့် ပတ်သက်သည့်အချက်အလက်များကို မှတ်တမ်းတင်ထားသောစာကတ်ပြားများ

**သင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

## စာသင်ချိန် ၁

### လုပ်ငန်းစဉ် ၁

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ "ပြဇာတ်ဆိုတာဘာလဲ" ဟူသည့်မေးခွန်းကိုမေးပါ။
- ❖ ပြဇာတ်ဟူသည်မှာ (၁) "ဇာတ်လမ်းဇာတ်ကွက် တစ်စုံတစ်ရာကို လင်္ကာစပ် စကားပြေဖြင့်ဖြစ်စေ၊ အပြန်အလှန် ပြောခန်းများဖြင့်ဖြစ်စေ ရေးဖွဲ့ထားသော စာပေအဖွဲ့အနွဲ့။ (၂) ယင်း အဖွဲ့အနွဲ့ တစ်မျိုးကို သရုပ်ဆောင်ပြသသော ပွဲတစ်မျိုး" ဖြစ်ကြောင်းရှင်းပါ။
- ❖ ပြဇာတ်တွင် ရှေးပြဇာတ်နှင့် ခေတ်ပြဇာတ်ဟူ၍ ၂ မျိုးရှိကြောင်းရှင်းပါ။
- ❖ ပြဇာတ်၏ အင်္ဂါရပ်များကို ရှင်းပြပါ။ ပြဇာတ်၏ အခြေခံအင်္ဂါရပ်များမှာ

(၁) အာဘော် သို့မဟုတ် ရည်ရွယ်ချက်

(၂) ဇာတ်လမ်း



DBE BOX

(၃) ဇာတ်ဆောင်

(၄) ကာလဒေသနောက်ခံ

(၅) အချီအချစကား

(၆) ဆိုင်းဆင့်၊ ပတ်တိုက်

(၇) ဇာတ်ချင်း

(၈) ဇာတ်အညွှန်းစာ

တို့ဖြစ်ကြောင်း ရှင်းပါ။

❖ ရှေးပြဇာတ်နှင့် ခေတ်ပြဇာတ် မတူညီချက်များကိုရှင်းပါ။

❖ ခေတ်ပြဇာတ်တွင် ဆိုင်းဆင့်ပတ်တိုက်၊ ဇာတ်ချင်းတို့ မပါဝင်ကြောင်းရှင်းပါ။

❖ ကျောင်းသားများသိရှိသော ပြဇာတ်များကိုမေးပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ပြဇာတ်၏ သဘောသဘာဝတစ်ချက်ချင်းစီကို ဆရာကရှင်းပါ။

❖ ပြဇာတ်တစ်ပုဒ်၏ အာဘော် သို့မဟုတ် ရည်ရွယ်ချက်ကိုရှင်းပါ။

❖ ပြဇာတ်ဆရာ၏ အဓိကထားပြောလိုသောအချက်သည် ထိုပြဇာတ်၏ အာဘော် သို့မဟုတ် ရည်ရွယ်ချက်ဖြစ်ကြောင်းရှင်းပါ။

❖ မူလတန်း၊ အလယ်တန်းတို့တွင် သင်ကြားခဲ့ဖူးသည့် ပြဇာတ်တစ်ပုဒ်၏ ဇာတ်လမ်းအကျဉ်းကို ဆရာက ပြောပါ။ ထိုပြဇာတ်၏ ရည်ရွယ်ချက် သို့မဟုတ် အာဘော်ကို ကျောင်းသားများအား ပြောပါစေ။

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

- ပြဇာတ်တွင်ပါဝင်သော ဇာတ်လမ်းသဘောကို ဆရာကရှင်းပါ။
- ဇာတ်လမ်းဟူသည်မှာ အားပြိုင်မှုရှိသောအဖြစ်အပျက်များ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးညီညွတ်စွာရွေ့လျားနေသည့် သဘောပင်ဖြစ်ကြောင်း၊ ပြဇာတ်သည် ဇာတ်လမ်းဇာတ်ကွက်တစ်စုံတစ်ရာကို အပြန်အလှန်ပြောခန်းများဖြင့် ရေးဖွဲ့သော စာပေအဖွဲ့အနွဲ့မျိုးဖြစ်ကြောင်း ရှင်းပါ။
- ဇာတ်လမ်းတွင် ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း စသည့် အင်္ဂါရပ်များပါဝင်ကြောင်းရှင်းပါ။
- ဇာတ်လမ်းတွင် အားပြိုင်မှုများ၏ အရေးပါပုံကို ရှင်းပါ။
- ထိုသဘောသဘာဝများကို ကျောင်းသားများ နားလည် မလည် ပြန်လည်ဆန်းစစ်ပါ။
- အားပြိုင်မှုပါသည့်ပြဇာတ်တစ်ပုဒ်ကို ပြောပါ။
- ကျောင်းသားများကို မည်သည့်အားပြိုင်မှုများ တွေ့ရသနည်းဟု မေးပါ။
- ဆရာနှင့် ကျောင်းသားတို့ အပြန်အလှန်ဆွေးနွေးပါ။

### လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

- "ဇာတ်ဆောင်ဆိုတာဘာလဲ" ဟူသည့် မေးခွန်းမေးပါ။
- အားပြိုင်မှုဖြင့်ရွေ့လျားနေသော ဇာတ်လမ်းအဖြစ်အပျက်တို့တွင် ပါဝင်လှုပ်ရှားနေကြသူများကို ဇာတ်ဆောင်ဟုခေါ်ကြောင်း၊ ပြဇာတ်သည် ဇာတ်ဆောင်တို့၏ အပြောဖြင့် ဇာတ်လမ်းကို ပုံဖော်ရသဖြင့် ပြဇာတ်တွင် ဇာတ်ဆောင်သည် အရေးအကြီးဆုံးအခန်းကဏ္ဍမှပါဝင်နေကြောင်း ဆရာက ရှင်းပါ။
- ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်နှင့် အရန်ဇာတ်ဆောင်တို့ရှိကြောင်း၊ ဇာတ်ဆောင်ကို လေ့လာရာတွင် စရိုက်ကို လေ့လာရကြောင်း၊ စရိုက်ဟူသည်မှာ အရေးကိစ္စနှင့် ကြုံတွေ့သည့်အခါ ဇာတ်ဆောင်ပြုမူသည့် ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါး အမူအရာများပင်ဖြစ်ကြောင်း၊ ထိုဇာတ်ဆောင်များ၏ စရိုက်ပေါ်လွင်လျှင် ပြဇာတ်ကောင်းတစ်ပုဒ် ဖြစ်လာနိုင်ကြောင်းရှင်းပါ။



DBEBOX

❖ ဇာတ်ဆောင်အသားပေးပြဇာတ်တစ်ပုဒ်ကို ဆရာက အကျဉ်းမျှပြောပါ။
❖ အဓိကဇာတ်ဆောင်နှင့် အရန်ဇာတ်ဆောင်တို့၏ ဇာတ်ဆောင်စရိုက်များကို မေးပါ။
❖ ကျောင်းသားများ၏အဖြေကို ဆရာက နားထောင်ပေးပြီး ပြန်လည်သုံးသပ်ပေးပါ။ အပြန်အလှန် ဆွေးနွေးပါ။

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ "ကာလဒေသနောက်ခံဆိုတာဘာလဲ" ဟု မေးပါ။
❖ ဇာတ်လမ်းဖြစ်ပျက်ရာကာလနှင့် ဇာတ်ဆောင်လှုပ်ရှားရာနေရာတို့သည် ကာလဒေသနောက်ခံ ပင်ဖြစ်ကြောင်း၊ ကာလဒေသနောက်ခံသည် ဇာတ်ဆောင်နှင့် အဖြစ်အပျက်တို့အတွက် နောက်ခံ ကားချပ်သဖွယ်ဖြစ်ကြောင်းရှင်းပါ။
❖ ကာလနောက်ခံနှင့် ဒေသနောက်ခံ ၂ မျိုးရှိကြောင်းရှင်းပါ။
❖ ပြဇာတ်တစ်ပုဒ်မှ ကာလဒေသနောက်ခံအဖွဲ့ပါသည့်အခန်းကို ဆရာက ဖတ်ပါ။
❖ ကျောင်းသားများကို ကာလနောက်ခံနှင့် ဒေသနောက်ခံ ခွဲခြားသိရှိအောင် သင်ကြားပါ။

### လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ "အချီအချစကားဆိုတာဘာလဲ"ဟု မေးပါ။
❖ အချီအချစကားဟူသည်မှာ တစ်ဦးနှင့်တစ်ဦး သို့မဟုတ် တစ်ဖက်နှင့်တစ်ဖက် တစ်လှည့်စီ အပြန်အလှန် ပြောဆိုသောစကားများဖြစ်ကြောင်း၊ ဇာတ်ဆောင်တို့၏ အချီအချစကားများ သည် ပြဇာတ်၏ရည်ရွယ်ချက်၊ ဇာတ်ဆောင်၏စရိုက်၊ ကာလဒေသနောက်ခံတို့ကို ပေါ်လွင် အောင် ဖော်ပြရသည်ဖြစ်သဖြင့် ပြဇာတ်တစ်ပုဒ်တွင် အရေးအကြီးဆုံးဖြစ်ကြောင်းရှင်းပါ။
❖ ပြဇာတ်တစ်ပုဒ်မှ အချီအချစကားအချို့ကို ဆရာက ဖတ်ပြပါ။ ထိုအချီအချစကားသည် ဇာတ်လမ်း သို့မဟုတ် ဇာတ်ဆောင် သို့မဟုတ် ကာလဒေသနောက်ခံကို မည်သို့ပံ့ပိုးပေး ထားကြောင်းရှင်းပါ။
❖ ဆရာနှင့်ကျောင်းသားတို့ အပြန်အလှန်ဆွေးနွေးပါ။

## စာသင်ချိန် ၄

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ "အာလုပ်အဖွဲ့ဆိုတာဘာလဲ" ဟု မေးပါ။

❖ အာလုပ်စကားဟူသည်မှာ ဇာတ်ဆောင်တစ်ဦးက အခြားဇာတ်ဆောင်တစ်ဦးကို ရှေးရှုခေါ်ဝေါ်သော စကားဖြစ်ကြောင်း၊ ဇာတ်ဆောင်များ တစ်ဦးနှင့်တစ်ဦး အချီအချ စကားမပြောဆိုမီ ရှေးဦးစွာ အမည်နာမကိုခေါ်ခြင်းဖြစ်ကြောင်း၊ သို့သော် ဇာတ်ဆောင်၏ အမည်နာမကို ရိုးရိုးခေါ်ခြင်းမဟုတ်ဘဲ ခေါ်ဆိုခံရသူပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်ကို စာဖွဲ့၍ခေါ်ခြင်းဖြစ်ကြောင်းရှင်းပါ။

❖ အာလုပ်အဖွဲ့သည် ဇာတ်ဆောင်၏ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြလေ့ရှိသဖြင့် အရေးပါကြောင်းရှင်းပါ။

❖ အာလုပ်အဖွဲ့ပါသည့် စာသားအချို့ကို ဆရာက ရွတ်ပြပါ။ မည်သူက မည်သူ့ကိုခေါ်ဆိုသည့် အာလုပ်ဖြစ်ကြောင်း ရှင်းပြပါ။ အာလုပ်မှတွေ့ရသည့် ခေါ်ဆိုခံရသူ၏ဂုဏ်ပုဒ်များကိုရှင်းပါ။

❖ ရှင်းပြချက်များကို ကျောင်းသားများ နားလည် မလည် ဆရာနှင့် အပြန်အလှန် ဆွေးနွေးပါ။

### လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ "ဆိုင်းဆင့်ပတ်တိုက် ဆိုတာဘာလဲ"ဟု မေးပါ။

❖ ဇာတ်သဘင်တွင် ဇာတ်ကသူတို့က ဆိုင်းဆရာကို ဆီလျော်ရာတီးကွက်တီးရန် ခိုင်းစေသည့် အဖွဲ့အနွဲ့စကားကို ဆိုင်းဆင့်၊ ပတ်တိုက်ဟုခေါ်ကြောင်း၊ ဆိုင်းဆင့်သည် ဆိုင်းဆရာကို သာယာ ညင်းပျောင်းစွာ တီးခတ်ရန် ဆင့်ဆိုသည့် စကားဖြစ်ပြီး ပတ်တိုက်မှာမူ အကြမ်းတီးရန် ဆင့်ဆိုသည့် စကားဖြစ်ကြောင်း ရှင်းပါ။

❖ ပြဇာတ်၌ ဆိုင်းဆင့်၊ ပတ်တိုက်သည် အရေးကြီးသော အင်္ဂါရပ် ၁ ခု ဖြစ်ကြောင်းရှင်းပါ။

❖ ရှေးပြဇာတ်တစ်ပုဒ်မှ ဆိုင်းဆင့်ပတ်တိုက်အချို့ကို ရွတ်ဆိုပြ၍ ဆိုင်းဆင့်နှင့်ပတ်တိုက်ကို ခွဲခြားပါ။

❖ ဆိုင်းဆင့်ပတ်တိုက်အချို့ကို ဆရာကရွတ်ဆိုပြ၍ ကျောင်းသားများကို ဆိုင်းဆင့်နှင့် ပတ်တိုက် ခွဲခြားပါစေ။

❖ ရှင်းပြချက်များကို ကျောင်းသားများ နားလည် မလည် ဆရာနှင့် အပြန်အလှန် ဆွေးနွေးပါ။



DBE BOX

## မဟော်ကျေးစေခန်း

**သင်ခန်းစာခေါင်းစဉ်** – မဟော်ကျေးစေခန်း

**ရည်ရွယ်ချက်** – မဟော်သဓာ၏ ပညာဉာဏ်ကြီးမားပုံနှင့် ကျေးသားလေး၏ နှုတ်မှုရေးရာ လိမ္မာကျွမ်းကျင်ခြင်းတို့ကို သိရှိစေရန်၊ ရှေးပြဇာတ်စာပေကို လေ့လာတတ်စေရန်

**သင်ယူမှုရလဒ်** – ရှေးပြဇာတ်စာပေကို လေ့လာတတ်လာမည်။

**သင်ကြားနည်း** – အသံထွက်ရွတ်ဆိုနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ သရုပ်ပြနည်း

**သင်ထောက်ကူပစ္စည်း** – ပြဇာတ်သဘောသဘာဝနှင့်ပတ်သက်သောအချက်အလက်များ မှတ်တမ်းတင်ထားသည့်စာကတ်ပြားများ၊ ဦးကြင်ဥ၏ဘဝနှင့် စာပေကို ကောက်နုတ်ထားသည့် စာကတ်ပြားများ၊ ဦးကြင်ဥ၏ ပြဇာတ်များမှ စာပိုဒ်အချို့ကောက်နုတ်ထားသည့် စာကတ်ပြားများ

**သင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုသင်ကြားမည့် သင်ခန်းစာမှာ ဦးကြင်ဥ၏ မဟော်ပြဇာတ်မှ ကောက်နုတ်ထားသည့် 'မဟော်ကျေးစေခန်း' ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ မဟော်ပြဇာတ်ကိုရေးသားခဲ့သည့် စာဆိုဦးကြင်ဥ၏ ဘဝနှင့်စာပေများကို ဦးစွာမိတ်ဆက်မည်ဖြစ်ကြောင်း ဆရာက ပြောပါ။
- ❖ ဦးကြင်ဥသည် မြန်မာနှစ် ၁၁၃၅-၁၂၀၀ (ခရစ်နှစ် ၁၇၇၃-၁၈၃၈)အတွင်း ပေါ်ပေါက်ခဲ့သော စာဆိုဖြစ်ကြောင်း၊ ဆင်ပေါင်ဝဲဇာတိဖြစ်ကြောင်း၊ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်မှစ၍ ရွှေဘိုမင်း၊ပုဂံမင်းတို့လက်ထက်တိုင်အောင် ထင်ရှားခဲ့သည့်စာဆိုဖြစ်ကြောင်း ဘဝအတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။

❖ ငယ်စဉ်ကပင် ကဗျာလင်္ကာများကို ဆည်းပူးခဲ့ကြောင်း၊ ရှေးကရေးခဲ့သော နန်းတွင်းဇာတ်တော်ကြီးများနှင့်မတူ၊ တစ်မူထူးခြားသည့် ညတွင်းပြီးပြဇာတ်များကို စတင်ရေးခဲ့သောကြောင့် အထူးထင်ရှားခဲ့ကြောင်း၊ ဘုရားဟောဇာတ်နိပါတ်တော်များကိုရေးဖွဲ့သော ဝေဿန္တရာပြဇာတ်နှင့် မဟော်ပြဇာတ်များအပြင် ဒေဝကုမ္ဘဏ်၊ ပါပဟိန်၊ ဝက်န္တ၊ ကာလကဏ္ဏီပြဇာတ်များကို ကိုယ်ပိုင်ဉာဏ်ဖြင့်တီထွင်ရေးဖွဲ့ခဲ့ကြောင်း၊ ဒွေးချိုး၊ လေးချိုး၊ မုဆိုးစကား၊ ဇော်ဂျီစကား၊ ဆိုင်းဆင့်ပတ်တိုက်စကား စသည်တို့ပါဝင်သည့် ပဒေသာ သီချင်းများကိုရေးဖွဲ့ခဲ့ကြောင်း စာပေလက်ရာများကို မိတ်ဆက်ပါ။

❖ ဦးကြင်ဥ၏အတ္ထုပ္ပတ္တိများကို အပြန်အလှန်ဆွေးနွေးရင်း သင်ခန်းစာကို အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ မဟော်ကျေးစေခန်းပြဇာတ်ကို ကျောင်းသားများအား အသံနေအသံထား၊ ဟန်ပန်နှင့်တကွ ဖတ်ပါစေ။

❖ ပြဇာတ် ဇာတ်လမ်းကို ဆရာက ရှင်းပါ။ ထိုသို့ ရှင်းပြရာတွင် ပြဇာတ်၏ ရည်ရွယ်ချက်ကို ပေါ်လွင်အောင်ရှင်းပါ။

❖ ကျောင်းသားများအား ပြဇာတ်၏ရည်ရွယ်ချက်ကိုမေးပါ။

❖ အဖြေဖြေရန် အချင်းချင်းတိုင်ပင်ဆွေးနွေးရန် အချိန် ၅ မိနစ်ခန့်ပေးပါ။

❖ အဖြေ မှန်၊ မမှန် ဆရာက ဆုံးဖြတ်ပါ။ ကျောင်းသားများ၏အဖြေမှားနေလျှင် ဆရာက ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေမှန်ရောက်အောင် လမ်းညွှန်ပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုသင်ကြားမည့် သင်ခန်းစာမှာ 'မဟော်ကျေးစေခန်း' ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ပြဇာတ်ကို ကျောင်းသားများတစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဖတ်ပါစေ။

❖ 'မဟော်ကျေးစေခန်း' ပြဇာတ်မှ ပထမကျေးစေခန်း၊ ဒုတိယကျေးစေခန်း ၂ ပိုင်းရှိကြောင်း ဆရာက ရှင်းပါ။



DBE BOX

❖ ပထမကျေးစေခန်းမှာကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ သခ်ပါလကမည်သော စူဠနီ ဗြဟ္မဒတ်မင်းသည် မင်းပြုကြောင်း၊ စူဠနီဗြဟ္မဒတ်မင်း၏ပုရောဟိတ်အမတ်ကြီးကားကေဝဋ္ဋ အမည်ရှိကြောင်း၊ စူဠနီဗြဟ္မဒတ်မင်းသည် ဆင်၊ မြင်း၊ ရထား၊ ခြေသည် စစ်အင်္ဂါ သူရဲကောင်းတို့ကို ရုံးစုလျက် ဓား၊ လှံ၊ လေး၊ မြား၊ လွှား၊ ကာ၊ မီးပေါက် လက်နက်မျိုးတို့ကိုလည်းပြင်ဆင်ကြောင်း၊ မဟောသဓာသုခမိန်၏ သူလျှိုယောကျ်ားက ထိုအကြောင်းကို မဟောသဓာထံ အသိပေးကြောင်း၊ မဟောသဓာသုခမိန်တွင် နှုတ်ကောင်းသူ လူပညာရှိစကားတတ်ကဲ့သို့ နာပျော်ဖွယ် ဥပါယ်တံမျဉ်တို့၌ တတ်ပွန်လိမ္မာစွာသော ကျေးသားတစ်ကောင်ရှိကြောင်း၊ ကျေးသားတမန်၏ ဓလေ့သဘောကား တစ်စုံတစ်ခုအမှုရှိ၍ စေလွှတ်လျှင် မဟောသဓာသုခမိန်သာ ကြားသိအပ်သော အမှုဖြစ်ပါက ပခုံးပေါ်၌နားကြောင်း၊ အမရာဒေဝီကိုပါ သိစေလိုပါက မဟောသဓာသုခမိန်၏ရင်ခွင်ပေါ်၌ နားကြောင်း။ အခြွေအရံပရိသတ်တို့ကိုလည်း သိစေလိုပါက အိမ်ကြမ်းပြင်၌နားကြောင်း၊ ကျေးသား၏ ပါးနပ်လိမ္မာသော စရိုက်ကို သိရှိစေရန် ပြောပါ။

❖ မဟောသဓာသုခမိန်သည် ထိုပဉ္စာလရာဇ်မင်း၏ အကြံအစည်ကို ဟုတ်မှန်တိုင်းသိလို၍ ကျေးသားကို တမန်အဖြစ်စေလွှတ်လိုက်သော အခန်းကို ယခုသင်ကြားမည်ဖြစ်ကြောင်း ဆရာက ရှင်းပါ။

❖ ပထမကျေးစေခန်းမှ အကြောင်းအရာများကို ကျောင်းသားများနားလည်မှု ရှိ မရှိ၊ စိတ်ဝင်စားမှု ရှိ၊ မရှိ ဆရာက ပြန်လည်မေးပါ။

❖ ပထမကျေးစေခန်းမှ မဟောသဓာအကြောင်း မေးပါ။

❖ ပထမကျေးစေခန်းမှ ကျေးသားလေး၏ဂုဏ်ရည်များကို မေးပါ။

❖ ကျောင်းသားအချင်းချင်းအပြန်အလှန်ဆွေးနွေးပါစေ။

❖ ထို့နောက် ဆရာက တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်နားလည်သလောက်ဆွေးနွေးမှုကို ညှိနှိုင်းပြီး အဖြေမှန်ကိုပြောပါ။ စာသင်ချိန်အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဒုတိယကျေးစေခန်းမှာကေဝဋ္ဋအမတ်သည်လည်း ကြေးမုံပြင်၌မျက်နှာရိပ်ကိုကြည့်တိုင်း မိမိနဖူး၌အမာရွတ်ကိုမြင်လျှင် မဟောသဓာကိုသတိရကာအငြိုးထားကြောင်း၊ မဟောသဓာကို အဘယ်အခါ၌ အဘယ်အကြောင်းဖြင့် လက်စားချေရအံ့နည်းဟု အမျက်ထွက်ကြောင်း၊ စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော်ပဉ္စာလစန္ဒီမင်းသမီးလေး၏အလှနှင့် ဝိဒေဟရာဇ်မင်းကြီးကို



DBE BOX

ဖြားယောင်းပြီး ဤနေပြည်တော်သို့ မဟော်သဓာနှင့်တကွခေါ်ဆောင်၍ လုပ်ကြံရန် မင်းကြီးကို လျှောက်ကြောင်း၊ စူဠနီပြဟ္မဒတ်မင်း၏ အိပ်ခန်းဆောင်ရှိ သာလိကာမသည် အနီးတွင်ရှိသော ရွှေချိုင့်ထဲ၌ရှိသဖြင့် မင်း၊ အမတ်တို့၏ အတိုင်အပင်စကားအလုံးစုံကို ကြားကြောင်း၊ ဝိဒေဟရာဇ်မင်းကြီးသည် ကိလေသာကာမဂုဏ်ဖုံးလွှမ်း၍ ချမ်းသာကြောင်း ဆင်းရဲကြောင်း အကျိုးစီးပွားကိုထောက်ထားဆင်ခြင်ခြင်းမရှိဘဲ အန္တရာယ်အတွင်း သက်ဆင်းတော့မည်ကို မဟော်သဓာက သိမြင်ကြောင်း၊ ထိုအကြောင်းကိုမြင်၍ ဆင်ခြင်စိမ့်သောငှာ မဟော်သဓာက လျှောက်ထားပါသော်လည်း မင်းကြီးက မနာယူကြောင်း၊ မင်းကြီး ပျက်စီးခြင်းကိုမြင်သောကြောင့် မဟော်သဓာက ကျေးသားကိုစေလွှတ်၍ စုံစမ်းသောအခန်းဖြစ်သည်ဟု ဆရာက ရှင်းပါ။

- ❖ ဒုတိယကျေးစေခန်းအကြောင်းအရာကို ကျောင်းသားများအားတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဖတ်ပါစေ။
- ❖ ထို့နောက် ဒုတိယကျေးစေခန်းမှ မဟော်သဓာ၏ ဉာဏ်အမြော်အမြင်ရှိပုံကို ကျောင်းသားများအား အပြန်အလှန် ဆွေးနွေးပြောဆိုရန် လမ်းညွှန်ပါ။
- ❖ ကျောင်းသားများ၏အဖြေကို ဆရာက ပြန်လည်ဆွေးနွေးပါ။

---

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ မဟော်ကျေးစေခန်းပြဇာတ်မှ ဇာတ်ဆောင်စရိုက်၊ ဆိုင်းဆင့်ပတ်တိုက်စကားများ၊ အာလုပ်စကားများ၊ အချီအချပြောစကားများ၊ ဇာတ်ညွှန်းစကားများ ပါ မပါလေ့လာကြည့်ကြမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။
- ❖ အာလုပ်အဖွဲ့၏ သဘောသဘာဝများကို ကျောင်းသားများအားမေးပါ။
- ❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။ အုပ်စု ၁ စု ကို ကျေးသားအား ခေါ်ဆိုသော အာလုပ်အဖွဲ့များ၊ ကျန်အုပ်စု ၁ စုကို သာလိကာမအားခေါ်ဆိုသောအာလုပ်အဖွဲ့များကို ရှာပါစေ။
- ❖ အဖြေမှန် မမှန်ကို အုပ်စုတစ်စုနှင့်တစ်စု အပြန်အလှန် စစ်ဆေးအကဲဖြတ်ပါစေ။
- ❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။



DBEBOX

- ❖ အာလုပ်အဖွဲ့များ၏အနက်ကို ဆရာကရှင်းပြပါ။ ထိုသို့ရှင်းပြရာတွင် အာလုပ်အဖွဲ့မှတွေ့ရသည့် ခေါ်ဆိုခံရသူ၏ဂုဏ်ရည်များကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ အချီအချပြောစကား၏ သဘောသဘာဝများကို ကျောင်းသားများအားမေးပါ။
- ❖ ကျောင်းသားများအား အုပ်စု ၂ စု ဖွဲ့ပါ။ ယောကျ်ားလေး၊ မိန်းကလေး အရေအတွက် မျှတအောင်ဖွဲ့ပါ။
- ❖ မဟော်ကျေးစေခန်းမှ အချီအချပြောစကားများကို အုပ်စုလိုက်ရှာပါစေ။
- ❖ ကျေးသားပြောသောစကား၊ သာလိကာမ ပြောသောစကား ခွဲခြားပါစေ။
- ❖ အဖြေများ တူ မတူကို အုပ်စုအချင်းချင်း အပြန်အလှန် အကဲဖြတ်ပါစေ။
- ❖ အဖြေများ မတူညီပါက အုပ်စုအချင်းချင်းဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေရှာပါစေ။
- ❖ လိုအပ်လျှင် ဆရာက လမ်းညွှန်ပါ။
- ❖ တစ်အုပ်စုမှ ကျောင်းသားတစ်ဦးက ကျေးသား၏စကား၊ ကျန်အုပ်စုမှ ကျောင်းသူတစ်ဦးက သာလိကာမ ပြောဟန်ဖြင့် အချီအချစကားကို အပြန်အလှန်ပြောပါစေ။
- ❖ ကျန်ကျောင်းသားများကို ဂရုတစိုက်ကြည့်ပါစေ။
- ❖ အချီအချစကားများမှ သာလိကာမ၏ စရိုက်ကို ဆရာက ကျောင်းသားများနှင့် အမေးအဖြေပြု၍ ဖော်ထုတ်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

DBE BOX

## စာသင်ချိန် ၄

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

- ❖ ဆိုင်းဆင့်ပတ်တိုက်၏ သဘောသဘာဝကို ကျောင်းသားများအားမေးပါ။
- ❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။ အုပ်စု ၁ စု ကို ဆိုင်းဆင့်စကားများ၊ ကျန်အုပ်စု ၁ စုကို ပတ်တိုက်စကားများရှာပါစေ။
- ❖ အဖြေ မှန်၊ မမှန်ကို အုပ်စုတစ်စုနှင့်တစ်စု အပြန်အလှန် စစ်ဆေးအကဲဖြတ်ပါစေ။
- ❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။
- ❖ ဆိုင်းဆင့်ပတ်တိုက်များ၏အနက်ကို ဆရာက ရှင်းပြပါ။ ထိုသို့ရှင်းပြရာတွင် ဆိုင်းဆင့်ပတ်တိုက်မှ တွေ့ရသည့် ဇာတ်လမ်းအခြေအနေများကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

### လေ့ကျင့်ရန်မေးခွန်း

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

### လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

- ❖ "ဇာတ်ညွှန်းဆိုတာဘာလဲ"ဟူသည့် မေးခွန်းကိုမေးပါ။
- ❖ ကျောင်းသားများ၏အဖြေကို နားထောင်ပြီးမှ ဇာတ်ညွှန်းစကား၏ သဘောသဘာဝကို ဆရာက ကျောင်းသားများအားရှင်းပါ။
- ❖ မပော်ပြဇာတ်မှ ဇာတ်ညွှန်းစကားများကို ရှာပါစေ။
- ❖ ထိုဇာတ်ညွှန်းများသည် ဇာတ်လမ်းကို အထောက်အပံ့ဖြစ်စေသည့် ဇာတ်ညွှန်း ဖြစ် မဖြစ်၊ ဇာတ်ဆောင်ကို အထောက်အပံ့ဖြစ်စေသည့် ဇာတ်ညွှန်းဖြစ် မဖြစ်ကို ကျောင်းသားများအချင်းချင်း အပြန်အလှန်ဆွေးနွေးပါစေ။
- ❖ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ပြီး သုံးသပ်ပါ။

### လေ့ကျင့်ရန်မေးခွန်း

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

## မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ

**သင်ခန်းစာခေါင်းစဉ်** – မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ

**ရည်ရွယ်ချက်** – ဥစ္စာငွေကြေးနှင့် ပတ်သက်လာလျှင် မိဘနှင့်သားသမီးများ အကြားတွင်ပင်အလိုလောဘဖုံးလွှမ်းကာမပြုသင့်သည်များ ပြုမိတတ်ပုံကို ဆင်ခြင်သုံးသပ်မိစေရန်၊ ခေတ်ပြဇာတ်၏ သဘောသဘာဝများကို သိရှိစေရန်၊ ခေတ်ပြဇာတ်တစ်ပုဒ်ကို လေ့လာတတ်စေရန်၊ ပြဇာတ်တစ်ပုဒ်ကိုရေးသားတတ်စေရန်

**သင်ယူမှုရလဒ်များ** – ဥစ္စာငွေကြေးနှင့် ပတ်သက်လာလျှင် မိဘနှင့်သားသမီးများ အကြားတွင်ပင် အလိုလောဘဖုံးလွှမ်းကာမပြုသင့်သည်များ ပြုမိတတ်ပုံကို ဆင်ခြင်သုံးသပ်မိစေမည်။ ခေတ်ပြဇာတ်၏ သဘောသဘာဝများကို သိရှိလာမည်။ ခေတ်ပြဇာတ်တစ်ပုဒ်ကို လေ့လာတတ်လာမည်။ ပြဇာတ်တစ်ပုဒ်ကိုရေးသားတတ်လာမည်။

**သင်ကြားနည်း** – ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း

**သင်ထောက်ကူပစ္စည်း** – စိန်ခင်မောင်ရီ၏ပြဇာတ်မှ စာပိုဒ်အချို့ကိုကောက်နုတ်ထားသည့် စာကတ်ပြားများ

**သင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုသင်ကြားမည့် သင်ခန်းစာမှာ 'မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ' တစ်ခန်းရပ်ပြဇာတ်ဖြစ်ကြောင်း၊ ပြဇာတ်စာဆို စိန်ခင်မောင်ရီ၏ ဘဝနှင့်စာပေကိုပြောပြမည်ဖြစ်ကြောင်း ပြောကြား၍ နိဒါန်းပျိုးပါ။



DBE BOX

- ❖ စိန်ခင်မောင်ရီသည် မုံရွာအနီး အလုံဇာတိဖြစ်ကြောင်း၊ အဖမှာစာရေးဆရာပုလိပ်အရာရှိ တစ်ဦးအမည်ခံ ခရိုင်ရဲဝန်ဦးဘသော်၊ အမိဒေါ်မမလေး ဖြစ်ကြောင်း၊ ၁၉၄၂ ခုနှစ် ဇွန်လ ၂၁ ရက်တွင်မွေးဖွားပြီး ငယ်မည်မှာ အညိဖြစ်ကြောင်း၊ မုံရွာဗုဒ္ဓဘာသာ အထက်တန်းကျောင်း၌ ဆယ်တန်းအထိ ပညာဆည်းပူးခဲ့ကြောင်း ၁၉၅၉ ခုနှစ် မှ ၁၉၆၅ ခုနှစ်ထိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူးတာဝန် ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာကောင်စီ အတွင်းရေးမှူး၊ အဖြစ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ စာရေးဆရာအသင်းကိုယ်စားလှယ်နှင့် သတင်းစာအဖွဲ့ဝင်တစ်ဦးအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ကြောင်း စိန်ခင်မောင်ရီ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ❖ နန်းမြိုင်ကလောင်အမည်ဖြင့် ပဒေသာမဂ္ဂဇင်း၌ ဝတ္ထုစရေးခဲ့ကြောင်း၊ ယဉ်ငြိမ်းကလောင် အမည်နှင့် ဘာသာပြန်စာအုပ်များရေးသားခဲ့ကြောင်း ခင်မောင်ရီ (စိန်ခင်မောင်ရီ) အမည်ရင်း နှင့် ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများရေးသားခဲ့ကြောင်း၊ အိုးဝေသတင်းစာ၊ စီးပွားရေးသတင်းစာ၊ ဗမာ့ခေတ် သတင်းစာ၊ ယူနီယံဂေဇက်သတင်းစာ၊ ကြေးမုံဂျာနယ်၊ ကြေးမုံသတင်းစာ၊ အိုးဝေ ဂျာနယ်၊ ဖြူနီညိုပြာမဂ္ဂဇင်းများတွင် အယ်ဒီတာအဖွဲ့ဝင်၊ ညအယ်ဒီတာ၊ တွဲဖက်အယ်ဒီတာ၊ အယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာ၊ တာဝန်ခံ ထုတ်ဝေသူ စသောတာဝန်များယူခဲ့ကြောင်း စာပေတာဝန်ထမ်းဆောင်ခဲ့သည်များကိုရှင်းပါ။
- ❖ မြန်မာနိုင်ငံစာရေးဆရာအသင်းကတင်ဆက်သော နတ်ရှင်နောင်၊ မြဝတီစသည့်ပြဇာတ်များ ကို တွဲဖက်ဒါရိုက်တာပြုလုပ်ခဲ့ကြောင်း၊ဦးပုည၊ လှိုင်ထိပ်ခေါင်တင်၊ မောင်ဖေငယ်ပြဇာတ်များ တွင် ဒါရိုက်တာလုပ်ခဲ့ကြောင်း၊ ရွှေလက်ဖြင့် ခေါ်လဲမလာ ရုပ်ရှင်အတွက် ဝတ္ထုဇာတ်ညွှန်း ရေးပေးခဲ့ကြောင်း၊ အမွန်ကတစ်ဖက် သူတို့ကတစ်ဖက် ရုပ်ရှင်အတွက် ဝတ္ထုရေးခဲ့ကြောင်း စိန်ခင်မောင်ရီသည် အောင်မြင်ကျော်ကြားသော အနုပညာရှင်တစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ ပြဇာတ်ကို ကျောင်းသားများအား အသံနေအသံထား၊ ဟန်ပန်နှင့်တကွ ဖတ်ပါစေ။
- ❖ ပြဇာတ် ဇာတ်လမ်းကို ဆရာက ရှင်းပါ။ ထိုသို့ ရှင်းပြရာတွင် ပြဇာတ်၏ ရည်ရွယ်ချက်ကို ပေါ်လွင်အောင်ရှင်းပါ။
- ❖ ကျောင်းသားများအား ပြဇာတ်၏ရည်ရွယ်ချက်ကိုမေးပါ။



DBE BOX

❖ အဖြေဖြေရန် အချင်းချင်းတိုင်ပင်ဆွေးနွေးရန် အချိန် ၅ မိနစ်ခန့်ပေးပါ။

❖ အဖြေ မှန်၊ မမှန် ဆရာက အဆုံးအဖြတ်ပေးပါ။ ကျောင်းသားများ၏အဖြေမှားနေလျှင် ဆရာက ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြမှန်ရောက်အောင် လမ်းညွှန်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ 'မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ' ပြဇာတ်မှာ စိန်ခင်မောင်ရီ၏ ၁၉၅၄ ခုနှစ် မြို့တော်ခန်းမ၌ ကပြခဲ့သည့် တစ်ခန်းရပ်ပြဇာတ်ဖြစ်ကြောင်း၊ အပြောဇာတ်တစ်ပုဒ်ဖြစ်ကြောင်း၊ အပြောဇာတ်သည် သီချင်းဆိုခြင်း၊ ကပြခြင်းတို့ကို မထည့်သွင်းဘဲ စကားပြေသက်သက်ဖြင့် ပြောကြားပြီး သဘာဝအတိုင်း သွားလာလှုပ်ရှားမှုပြုပြီး ဇာတ်ကွက်ဖော်ရသောပြဇာတ်ဖြစ်ကြောင်း၊ အပြောဇာတ်သည် လူ့သဘာဝကို တိုက်ရိုက်ပုံတူ သရုပ်ဆောင်ပြခြင်းဖြစ်ကြောင်း၊ လူ့သဘာဝအတိုင်း လှုပ်ရှားရာမှာလည်းအနုပညာအစွမ်းနှင့် ပရိသတ်ကို ကပြလှုပ်ရှားခြင်းဖြစ်ကြောင်း ရှင်းပါ။

❖ ယခုသင်ကြားမည့် "မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ" တစ်ခန်းရပ်ပြဇာတ်သည် ဇာတ်ကွက်တစ်ခုကို အခြေပြုပြီး စကားပြောများ၊ လှုပ်ရှားမှုများနှင့် တင်ဆက်ထားသည့် ပြဇာတ်ပုံစံဖြစ်ကြောင်းကို ကျောင်းသားများအားရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ 'မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ' ပြဇာတ်မှ ဇာတ်ဆောင်များကို လေ့လာပါစေ။

❖ ဇာတ်ဆောင်ကိုလေ့လာရာတွင် အဓိကဇာတ်ဆောင်ဦးကံကောင်းနှင့် အရန်ဇာတ်ဆောင်များအဖြစ် သမီးကြီးမေရီ၊ သမီးငယ်အေမီ၊ မေရီ၏ခင်ပွန်းဘအောင်၊ အေမီ၏ခင်ပွန်း ခင်မောင်သန်း၊ မေရီ၏ သမီးဖြစ်သူမာဂရက်တို့ပါဝင်ကြောင်းရှင်းပါ။



DBE BOX

❖ ကျောင်းသားများကို ဇာတ်ဆောင်တို့၏ အချီအချစကားများအား လေ့လာပါစေ။

❖ ကျောင်းသားများကို အဖွဲ့လိုက် စာသင်ခန်းအတွင်း အချီအချပြောစကားများနှင့် ပြဇာတ်ကို သရုပ်ဖော်ပါစေ။

❖ ကျန်ကျောင်းသားများကို ဂရုတစိုက်ကြည့်ပါစေ။

❖ ဆရာက အချီအချစကားများမှ ဇာတ်ဆောင်တို့၏ စရိုက်များကို လေ့လာပြပါ။

❖ ဖခင်ထံမှ အမွေကိုမျှော်ကိုးကာ ကျွေးမွေးနေသော သမီးနှစ်ယောက်၏အလိုလောဘကြီးပုံကို စာရေးသူက မည်သို့ဖန်တီးထားသနည်းဟူသော မေးခွန်းမျိုးနှင့်အစပြုကာ သမီးနှစ်ယောက်၏ ဇာတ်ဆောင်စရိုက်ကို အချီအချစကားများမှ တစ်ဆင့်လေ့လာပြပါ။

❖ ဇာတ်ဆောင်များ၏ စရိုက်ကို ပံ့ပိုးပေးနေသော အချီအချစကားများအား ရွေးထုတ်၍ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၃) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ"ပြဇာတ်မှ ရသကို ခံစားကြမည်ဖြစ်ကြောင်းပြောပါ။

❖ ရသ ၉ ပါး-(ချစ်၊ ရွှင်၊ သနား၊ တည်(ကြား)၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြနောအရသာ)ကို လိုအပ်သလောက်ရှင်းပါ။

❖ ရသတွင် ရသသက်သက်နှင့် ဘဝအာနိသင်ရသဟူ၍ ၂ မျိုးရှိကြောင်း၊ ရသသက်သက်မှာ စာတစ်ခုကို ဖတ်ပြီးနောက် ခံစားရုံ ခံစားလိုက်ရသည့် ရသမျိုးဖြစ်ကြောင်း၊ ဘဝအာနိသင်ရသဟူသည်မှာ ခံစားသည့်အဆင့်တွင်မရပ်ဘဲ မိမိဘဝအတွက် အသိအမြင်ကိုပါ ရလိုက်သည့် ခံစားမှုမျိုးဖြစ်ကြောင်းရှင်းပါ။

❖ "မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ"ပြဇာတ်တွင် ရသ ၂ မျိုး အနက် မည်သည့်ရသမျိုး ခံစားရသလဲဟူသည့်မေးခွန်းကို ကျောင်းသားများအား အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဖြေပါစေ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ပြဇာတ်၏သဘောသဘာဝသည် အမြီးအမောက်မတည့်သော လောကသဘောကို သရော်လေ့ရှိကြောင်း၊ ဇာတ်လမ်းကိုသိရှိပြီးနောက် ရယ်ရာမှ ပြုံး၊ ပြုံးရာမှသရော်ချင်လာအောင်ရေးဖွဲ့ထားကြောင်းရှင်းပါ။

❖ ဆရာစိန်ခင်မောင်ရီ၏ ပြဇာတ်သည် စာဖတ်သူတို့အား မိမိတို့၏စိတ်သဘောထားကို ကိုယ်တိုင်ဆင်ခြင်မိစေသည့် ပြဇာတ်တစ်ပုဒ်ဖြစ်ကြောင်း၊ ထိုအချက်ကို ရှာကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများအား ပြဇာတ်ကို အသံတိတ် အစအဆုံးဖတ်ပါစေ။

❖ "မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်၏ဇာတ်သိမ်းပိုင်းတွင် ပြဇာတ်ဆရာက မည်သည့်သင်ခန်းစာပေးသွားသလဲ "ဟုကျောင်းသားများကို မေးပါ။

❖ ကျောင်းသားများ၏ အဖြေကို လိုအပ်လျှင် ဆရာက ဖြည့်စွက်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

**စာအညွှန်း**


၁။ ဇင်မင်း(သမိန်ထော)။ (၂၀၁၁)။ မြန်မာပြဇာတ်ရေစီးနှင့်ရှေ့ခရီး။ ရန်ကုန်၊ စာပေဗိမာန်။

၂။ မောင်မောင်တင်၊ **ဦး**နှင့်အများ။ (၁၉၇၁)။ ပြဇာတ်နှင့်ပြဇာတ်စာပေ။ ရန်ကုန်၊ စာပေဗိမာန်။

၃။ မောင်မောင်တင်၊ **ဦး** (မဟာဝိဇ္ဇာ)။ (၂၀၀၂)။ မြန်မာပြဇာတ်စာပေသမိုင်း။ ရန်ကုန်၊ စစ်သည်တော်စာပေ။

၄။ သောင်းရွှေညို ။ ( ၁၉၉၅)။ ဦးကြင်ဥနှင့်သူ၏ပြဇာတ်များ။ ရန်ကုန်၊ စာပေဗိမာန်။

၅။ အေးမောင်၊ **ဦး**။(၁၉၆၇)။ လူ့စိတ်သဘာဝ။ ရန်ကုန်၊ အေးအေးစာပေ။

၆။ အေးမောင်၊ **ဦး**။(၂၀၀၀)။ လူ့ဘဝလူ့လောကအမြင်။ ရန်ကုန်၊ တိုင်းလင်းစာပေ။

၇။ အောင်မြင့်ဦး၊ (**ဒေါက်တာ**-)။ (၂၀၂၀)။ ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ်ပညာ။ ရန်ကုန်၊ Academic Publishing House.

## ဝတ္ထုတိုသဘောသဘာဝ

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **ဝတ္ထုတိုသဘောသဘာဝ** |
| **ရည်ရွယ်ချက်** | – | **ဝတ္ထုတိုသဘောသဘာဝနှင့် အင်္ဂါရပ်များကို သိရှိစေရန်၊ ဝတ္ထုတိုတစ်ပုဒ်ရေးသားတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – | **ဝတ္ထုတိုသဘောသဘာဝနှင့် အင်္ဂါရပ်များကို သိရှိပြီး ဘဝသင်ခန်းစာများကို ဝေဖန်စဉ်းစားတတ်လာမည်။ ဝတ္ထုတိုတစ်ပုဒ်ရေးသားတတ်လာမည်။** |
| **သင်ကြားနည်း** | – | **ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဖွင့်ဆိုရှင်းပြနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **ဝတ္ထုတိုသဘောသဘာဝနှင့်ပတ်သက်သော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ** |
| **သင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ "ဝတ္ထုဖတ်ဖူးသလား၊ ဝတ္ထုဆိုတာဘယ်လို စာပေအဖွဲ့မျိုးလဲ။ သိကြပါသလား"ဟူသည့် မေးခွန်းကို မေးပါ။

❖ "ဝတ္ထုတိုကိုသင်ကြားခဲ့ဖူးပါသလား။ ဘယ်သူတွေရဲ့ ဝတ္ထုတိုတွေကို သင်ကြားခဲ့ဖူးသလဲ" ဟု မေးပါ။

❖ "ဝတ္ထုတိုတွေရဲ့နာမည်နဲ့စာရေးဆရာတွေကို မှတ်မိပါသလား။ ပြောပြပါ"ဟု မေးပါ။

❖ ယခုစာသင်ချိန်တွင် ဝတ္ထုတို၏သဘောသဘာဝနှင့် အင်္ဂါရပ်များကို သင်ကြားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။



DBE-BOX

**လုပ်ငန်းစဉ် (၂)**

**ရှင်းပြခြင်း**

❖ ဝတ္ထုတို၏သဘောသဘာဝမှာ "အတိုတောင်းဆုံးအချိန်အတွင်းမှာ ဇာတ်ဆောင်တွေရဲ့ လှုပ်ရှားမှု ဒါမှမဟုတ် အဖြစ်အပျက်တစ်ခု ဒါမှမဟုတ် အာရုံခံစားမှုတစ်ခုကို စာလုံးအရေအတွက် အနည်းဆုံးနဲ့ ကျစ်ကျစ်လျစ်လျစ် ရေးသားရတဲ့ စာပေအဖွဲ့ပုံစံမျိုးဖြစ်တယ်" ဟု ရှင်းပါ။

❖ ဝတ္ထုတို၏ အင်္ဂါရပ်များကို ဆရာက ရှင်းပြပါ။ ဝတ္ထုတို၏အင်္ဂါရပ်များမှာ-

၁။ အာဘော်

၂။ ဇာတ်လမ်း

၃။ ဇာတ်ဆောင်

၄။ ကာလဒေသနောက်ခံဝန်းကျင်

၅။ အရေးအဖွဲ့ တို့ဖြစ်ကြောင်းပြောပါ။

❖ ဝတ္ထုတို၏အင်္ဂါရပ်များကို ကျောင်းသုံးစာအုပ်တွင်ကြည့်၍ကျောင်းသားများနှင့် ဆွေးနွေးပါ။

---

**စာသင်ချိန် ၂**

---

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ အာဘော်၏ အဓိပ္ပာယ်ကို ရှင်းပါ။

❖ အာဘော်ဟူသည်မှာ စာရေးဆရာ အဓိကထား ပြောလိုသောအချက်ဖြစ်ကြောင်း ရှင်းပါ။

❖ သင်ယူခဲ့ဖူးသည့် စာအချို့မှ အာဘော်ကို မေးပါ။

❖ အာဘော်၏အကြောင်းကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။

❖ ဆွေးနွေးချက်ကို ဆရာက ပြန်ပြီးသုံးသပ်ပါ။

DBEBOX

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ဇာတ်လမ်းသဘောကို ဆရာက ရှင်းပါ။
- ဇာတ်လမ်းဟူသည်မှာ အားပြိုင်မှုရှိသောအဖြစ်အပျက်များ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးညီညွတ်စွာ ရွေ့လျားနေသည့်သဘောဖြစ်ကြောင်းရှင်းပါ။
- ဇာတ်လမ်းတွင် ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဟူသည့် အင်္ဂါရပ်များပါဝင်ကြောင်းရှင်းပါ။
- ဇာတ်လမ်းတွင် ထိုအင်္ဂါရပ်များအပြင် အားပြိုင်မှုများလည်းပါဝင်ကြောင်းရှင်းပါ။

  (၁) ဇာတ်ဆောင်၏ အတွင်းစိတ် အားပြိုင်မှု

  (၂) ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှု

  (၃) ဇာတ်ဆောင်နဲ့ ပတ်ဝန်းကျင်အားပြိုင်မှုဖြစ်ကြောင်း ဆရာကရှင်းပါ။
- ထိုသဘောသဘာဝများကို ကျောင်းသားများ နားလည် မလည် ပြန်လည်ဆန်းစစ်ပါ။
- ဝတ္ထုတို၏ဇာတ်လမ်းအချို့တွင် ဘဝပြဿနာများကို တွေ့ရကြောင်း ဆရာကရှင်းပါ။
- ဘဝပြဿနာဟူသည်မှာ "လောက၏ ကောင်း မကောင်း၊ မှန် မမှန်၊ အကျိုးရှိ မရှိ၊ အပြစ် ဖြစ် မဖြစ်ဆိုတဲ့ ဘဝပြဿနာနဲ့ ပတ်သက်တဲ့ အဆုံးသတ်အယူအဆဖြစ်တယ်"ဟု ဆရာကရှင်းပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ဇာတ်ဆောင်ဆိုတာဘာလဲလို့ ဆရာက မေးပါ။
- ဇာတ်ဆောင်ဟူသည်မှာ အားပြိုင်မှုဖြင့်ရွေ့လျားနေသော ဇာတ်လမ်းအဖြစ်အပျက်တို့တွင် ပါဝင် လှုပ်ရှားနေကြသူများဖြစ်ကြောင်းရှင်းပါ။
- ဇာတ်ဆောင် နှစ်မျိုးရှိကြောင်း၊ အဓိကဇာတ်ဆောင်နှင့် အရန်ဇာတ်ဆောင်ဖြစ်ကြောင်း၊ ထို ဇာတ်ဆောင်များ၏ စရိုက်ပေါ်လွင်လာလျှင် ဝတ္ထုကောင်း ဖြစ်လာနိုင်ကြောင်းရှင်းပါ။
- ကျောင်းသားများသိသည့် ဝတ္ထုများထဲက ဇာတ်ဆောင်များအကြောင်း ဆွေးနွေးပါစေ။

❖ ဇာတ်ဆောင်စရိုက်လေ့လာရာတွင် စရိုက်သေနှင့် စရိုက်ရှင်နှစ်မျိုးရှိကြောင်းရှင်းပါ။

❖ စရိုက်သေမှာ ဇာတ်လမ်းအစမှအဆုံး တစ်မျိုးတည်းသော စရိုက်ရှိကြောင်း (ကောင်းလျှင်ကောင်း၊ ဆိုးလျှင်လည်း အစမှအဆုံး စရိုက်ဆိုးများသာ ဖြစ်ကြောင်း)၊ စရိုက်ရှင်မှာ ဇာတ်လမ်းအစမှ အဆုံးတွင် ပြောင်းလဲတတ်ကြောင်းရှင်းပါ။

❖ ဇာတ်ဆောင်ကို လေ့လာရာတွင် စရိုက်အပြင် ဇာတ်ဆောင်များ၏ လူ့သဘောလူ့သဘာဝများကိုလည်း လေ့လာကြည့်နိုင်ကြောင်း ရှင်းပါ။

❖ လူ့သဘာဝအဖွဲ့ဟူသည်မှာ လူတိုင်း၌ ယေဘုယျအားဖြင့် တွေ့နိုင်သည့် လူ့သဘော၊ လူ့စရိုက်အဖွဲ့များဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ကာလဒေသနောက်ခံ၏သဘောကို ဆရာက ရှင်းပါ။

❖ ကာလဒေသနောက်ခံဟူသည်မှာ ဇာတ်လမ်းဖြစ်ပျက်ရာအချိန်နှင့် ဇာတ်ဆောင်လှုပ်ရှားရာနေရာဖြစ်ကြောင်းရှင်းပါ။

❖ ကာလနောက်ခံနှင့် ဒေသနောက်ခံ၏ သဘောသဘာဝများကို ကျောင်းသားများနားလည်အောင်ရှင်းပါ။

❖ ဒေသနောက်ခံဝန်းကျင်တွင် ကာလဝန်းကျင်၊ သဘာဝလောကဝန်းကျင်၊ လူမှုရေးဝန်းကျင်၊ လုပ်ငန်းဝန်းကျင် စသည်ဖြင့်ရှိကြောင်း ဆက်လက်ရှင်းပါ။

❖ နောက်ခံဝန်းကျင်သည် ဇာတ်ဆောင်နှင့် အဖြစ်အပျက်တို့အတွက် နောက်ခံကားသဖွယ်အရေးပါပုံကိုရှင်းပါ။

❖ အသင့်ပြုလုပ်ထားသည့် စာကတ်ပြားများ၏အကူအညီဖြင့် ကာလဒေသနောက်ခံများကို ရှင်းပါ။

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဝတ္ထုတစ်ပုဒ်ကို လေ့လာရာတွင် စာရေးဆရာ၏ အရေးအသားကိုလည်း လေ့လာကြည့်ရမည်ဖြစ်ကြောင်းရှင်းပါ။



DBE BOX

- ❖ အရေးအသားပိုင်းတွင် စကားအသုံးအနှုန်း၊ အလင်္ကာအသုံး၊ ရသမြောက်အဖွဲ့များကို လေ့လာကြည့်မည်ဖြစ်ကြောင်းရှင်းပါ။
- ❖ စကားအသုံးအနှုန်းပိုင်းတွင် ပါဠိစကားလုံး၊ ထူးခြားသည့်အသုံး၊ လုံးချင်းကြိယာ၊ လုံးတွဲကြိယာ စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်းရှင်းပါ။
- ❖ အလင်္ကာအသုံးအနှုန်းကို လေ့လာမည်ဆိုလျှင် ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ ၀က်ဝုတ္တိအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာတို့ကို လေ့လာရမည်ဖြစ်ကြောင်းရှင်းပါ။
- ❖ ရသကို လေ့လာရာတွင် ရသကိုးပါးကို ဖော်ထုတ်ကြည့်ရမှာဖြစ်ကြောင်းရှင်းပါ။
- ❖ အသင့်ပြုလုပ်ထားသည့် စာကတ်များ၏ အကူအညီဖြင့် ထိုအချက်များကိုရှင်းပါ။
- ❖ မေးခွန်းများ၊ အဖြေများ ပြုလုပ်ခြင်းဖြင့် စိတ်ပါဝင်စားလာအောင် ဆွေးနွေးပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ စာအရေးအသား ၄ မျိုးရှိကြောင်း၊ ဖြစ်စဉ်ပြအရေးအသား၊ သရုပ်ဖော်အရေးအသား၊ ဖွင့်ဆိုရှင်းပြအရေးအသား၊ ကျိုးကြောင်းပြအရေးအသားများဖြစ်ကြောင်းရှင်းပါ။
- ❖ ဖြစ်စဉ်ပြအရေးအသား ဟူသည်မှာ အဖြစ်အပျက်တစ်ခုခုကိုဖြစ်စေ၊ အမူအရာတစ်ခုခုကို ဖြစ်စေ၊ သဘောတစ်ခုခုကိုဖြစ်စေ ရေးသားရာတွင် ရွေ့လျားနေပုံ၊ လှုပ်ရှားနေပုံအစဉ်ကို ထင်ရှားလာအောင် ရေးရသော အရေးအသားမျိုးဖြစ်ကြောင်းရှင်းပါ။
- ❖ သရုပ်ဖော်အရေးအသားဟူသည်မှာ သက်ရှိသက်မဲ့တို့၏ ပုံသဏ္ဌာန်ကိုလည်းကောင်း၊ အရောင်အဆင်းကိုလည်းကောင်း၊ အသံကိုလည်းကောင်း ပရိသတ်၏စိတ်မျက်စိ၌ မြင်ယောင်လာအောင်၊ စိတ်နား၌ ကြားယောင်လာအောင်ရေးရသော အရေးအသားမျိုးဖြစ်ကြောင်းရှင်းပါ။
- ❖ ဖွင့်ဆိုရှင်းပြအရေးအသားဟူသည်မှာ သဘောတရားတစ်ခုကို ပရိသတ်နားလည်သဘောပေါက်အောင်၊ လိုက်နာဆောင်ရွက်တတ်အောင်ရေးရသော အရေးအသားမျိုးဖြစ်ကြောင်းရှင်းပါ။
- ❖ ကျိုးကြောင်းပြအရေးအသားဟူသည်မှာ စာဖတ်သူကို မိမိအလိုသို့ပါအောင် အကျိုးသင့်အကြောင်းသင့်တင်ပြ၍ရေးရသော အရေးအသားမျိုးဖြစ်ကြောင်းရှင်းပါ။
- ❖ စာအရေးအသားပုံစံများကိုပြပြီး ကျောင်းသားများအား မည်သည့်အရေးအသားဖြစ်သနည်းဟု မေးပါ။
- ❖ ကျောင်းသားများကို ဖြေဆိုပါစေ။
- ❖ အဖြေမှားလျှင် ဆရာက ပြန်လည်ရှင်းပြပြီး အဖြေကို တည့်မတ်ပေးပါ။



DBEBOX

# သူအိုမကြီး

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | သူအိုမကြီး |
| ရည်ရွယ်ချက် | – | ဆင်းရဲသော်လည်း စေတနာသဒ္ဓါတရားထက်သန်သည့် သူအိုမကြီး အကြောင်းကို သိရှိစေရန်၊ ရှေးဝတ္ထု၏ သဘောသဘာဝနှင့် ဦးပုည၏အရေးအသားကိုသိရှိစေရန် |
| သင်ယူမှုရလဒ်များ | – | သူအိုမကြီး၏ စေတနာသဒ္ဓါတရားထက်သန်ပုံကို အတုယူလာမည်။ ရှေးဝတ္ထု၏သဘောသဘာဝနှင့် ဦးပုည၏အရေးအသားကို သိရှိလာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဖွင့်ဆိုရှင်းပြနည်း |
| သင်ထောက်ကူပစ္စည်း | – | ဝတ္ထုတို၏သဘောသဘာဝနှင့်ပတ်သက်သော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ ဦးပုည၏ဝတ္ထုတိုများမှ စာပိုဒ်အချို့ကောက်နုတ်ထားသည့် စာကတ်ပြားများ |
| သင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် "သူအိုမကြီး" ဝတ္ထုအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ဦးပုည၏ အတ္ထုပ္ပတ္တိကို ကျောင်းသားများအား မိတ်ဆက်ပါ။
- ❖ ဦးပုညရေးသားခဲ့သည့် ဝတ္ထုများ၏အမည်ကို ကျောင်းသားများအားမေးပါ။
- ❖ ဦးပုညရေးသားခဲ့သည့် ဝတ္ထုလေးပုဒ် (ယုန်မင်းဝတ္ထု၊ ကာကဝလိယဝတ္ထု၊ သူအိုမကြီးဝတ္ထု၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု) ကို ပြောပါ။
- ❖ သူအိုမကြီးဝတ္ထုကို ကျောင်းသားများအား ဖတ်ပါစေ။
- ❖ ဆရာက ဇာတ်လမ်းကိုရှင်းပါ။



DBE BOX

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို မဲလိပ်နှိုက်ပါစေ။

❖ မဲလိပ်ကျသည့် ကျောင်းသားများကို သူအိုမကြီး၀တ္ထုဇာတ်လမ်းအကျဉ်းကို ပြောပါစေ။

❖ ထိုကျောင်းသားများ ပြောနေစဉ် ကျန်ကျောင်းသားများ ဂရုစိုက်၍ နားထောင်ပါစေ။

❖ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) သူအိုမကြီးစိတ်နှစ်ခွဖြစ်ရပုံကို မိမိစကားနဲ့ တင်ပြပါ။

(၂) သူအိုမကြီး အလှူအတွက်ပြင်ဆင်ပုံအဆင့်ဆင့်ကို အသေးစိတ်ရေးပါ။

(၃) သူအိုမကြီးဆီသို့ ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါတို့ စိတ်စမ်းစကား ပြောကြားလာပုံကို ရေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် "သူအိုမကြီး"၏ စရိုက်များကို လေ့လာကြည့်မည်ဖြစ်ကြောင်း ပြောပါ။

❖ "စရိုက်ဆိုတာ ဘာလဲ"ဟူသည့်မေးခွန်း၊ "စရိုက်ဘယ်နှမျိုးရှိသလဲ" ဟူသည့် မေးခွန်းများကို မေးပါ။

❖ ကျောင်းသားများထဲမှ သရုပ်ဆောင်ပိုင်နိုင်သော ကျောင်းသား ၇ ယောက်ကို ရွေးချယ်ပါ။

❖ အဓိကဇာတ်ဆောင် သူအိုမကြီးနှင့် အရန်ဇာတ်ဆောင် ကောသလမင်းကြီး၊ မှူးမတ်သေနာပတိများ၊ မဟာအနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါတို့၏နေရာတွင် ထိုကျောင်းသားများကို သရုပ်ဆောင်ပါစေ။

❖ ကျန်ကျောင်းသားများကို ဂရုစိုက်၍ ကြည့်ပါစေ။

- ❖ ကျောင်းသားများသရုပ်ဆောင်ပြီးနောက် သူအိုမကြီး၏စရိုက်များကိုမေးပါ။
- ❖ ကျောင်းသားများဖြေဆိုပြီးမှ ဆရာက သူအိုမကြီး၏ထင်ရှားသောစရိုက်လက္ခဏာများမှာ အလှူအရာ၌ရဲရင့်ခြင်း၊ ဆင်းရဲသော်လည်း စေတနာသဒ္ဓါတရားထက်သန်ခြင်းတို့ ဖြစ်ကြောင်းကို အကြောင်းအကျိုးနှင့်တကွရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ❖ သူအိုမကြီး၏ အပြုအမူ၊ အပြောအဆို၊ စိတ်သဘောထားတို့ကို ပေါ်လွင်အောင်ဖော်ပြပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။
- ❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။
- ❖ ဖြေဆိုရန်အခက်အခဲရှိသည့် ကျောင်းသားများကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။
- ❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ ယခုစာသင်ချိန်တွင် "သူအိုမကြီး" ဝတ္ထုမှ အားပြိုင်မှုများကို လေ့လာကြည့်မည်ဖြစ်ကြောင်း ပြောပါ။
- ❖ "အားပြိုင်မှုဆိုတာ ဘာလဲ"ဟူသည့်မေးခွန်း၊ "အားပြိုင်မှု ဘယ်နှမျိုးရှိသလဲ" ဟူသည့် မေးခွန်းများကို ကျောင်းသားများအားမေးပါ။
- ❖ "သူအိုမကြီး"ဝတ္ထုကို အသံတိတ်ဖတ်စေပြီး မည်သည့်အားပြိုင်မှုများပါဝင်နေကြောင်း လေ့လာအဖြေရှာပါစေ။ အချိန် ၁၀ မိနစ်ခန့်ပေးပါ။
- ❖ ကျောင်းသားများ၏အဖြေကိုမေးပါ။
- ❖ "သူအိုမကြီး"ဝတ္ထုတွင် ဇာတ်ဆောင်နှင့်ပတ်ဝန်းကျင်အားပြိုင်မှုကို တွေ့ရကြောင်း ဆရာက ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ကျောင်းသားများအား အဖွဲ့ငယ်များ ဖွဲ့ပါ။
- အဖွဲ့တွင်းအချင်းချင်းဆွေးနွေး၍ ဇာတ်ဆောင်နှင့်ပတ်ဝန်းကျင် အားပြိုင်မှုများကို ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။
- အဖြေများကို အဖွဲ့ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။
- လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပါ။
- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။
- ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။
- ဖြေဆိုရန်အခက်အခဲရှိသည့် ကျောင်းသားများကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။
- အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။
- ထိုအားပြိုင်မှုများသည် ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် မည်သို့အထောက်အကူပြုကြောင်းရှင်းပြ၍ သင်ခန်းစာကို အဆုံးသတ်ပါ။

---

**စာသင်ချိန် ၄**

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ယခုစာသင်ချိန်တွင် ဦးပုည၏ အာဝဇ္ဇန်းရွှင်လှသော အရေးအသားကို လေ့လာကြမည်ဖြစ်ကြောင်းပြောပါ။
- သူအိုမကြီးဝတ္ထုကို ဆရာက အသံနေအသံထားမှန်မှန်၊ ပြောဟန်ဆိုဟန် ကောင်းကောင်းဖြင့် တစ်ခေါက်ဖတ်ပြပါ။
- ကျောင်းသားများကို ကျောင်းသုံးစာအုပ်အားကြည့်၍ နားထောင်ပါစေ။
- နားထောင်ရင်း မိမိနှစ်သက်သဘောကျသည့်နေရာများကိုမျဉ်းသား၍ မှတ်သားထားပါစေ။
- သူအိုမကြီးဝတ္ထုကိုဖတ်ပြီးသွားသည့်အခါ ကျောင်းသားများအား မည်သည့်အသုံးအနှုန်းများကို သဘောကျသနည်းဟုမေးပါ။

❖ ကျောင်းသားများတင်ပြလာသည့် အသုံးအနှုန်းများကို ဆရာက သင်ပုန်းပေါ်တွင်ရေးမှတ်ပါ။

❖ ထိုအသုံးအနှုန်းများသည် ဦးပုည၏ အာဝဇ္ဇန်းများဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ဝတ္ထုတစ်ပုဒ်တွင် အရေးအသား ရှင်းလင်းပြတ်သားလျှင် စာရေးသူ ရည်ရွယ်ချက်မှာ ပို၍ ပေါ်လွင်ကြောင်း၊ စာရေးသူ၏ စကားအသုံးအနှုန်းများသည်လည်း ဝတ္ထုရေးသားရာတွင် အလွန်အရေးပါကြောင်းရှင်းပါ။

❖ သူအိုမကြီးဝတ္ထု၌လည်း ဦးပုည၏ အာဝဇ္ဇန်းရွှင်လှသည့် စကားများကြောင့် သူအိုမကြီး၏ ဇာတ်ဆောင်စရိုက်မှာ သက်ဝင်ပီပြင်လှကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက** –

- သက်တမ်းခေါင်ခိုက်၍ ပြာစိုက်အောင်မွဲလှသော
- တာတေလံမွဲလှသော သူဆင်းရဲဒါယိကာမ
- အသက်ကိုမတာတွယ် အရွယ်ကိုမရွေး
- သြော် ငါ အသက်ကြီး သေလုနီးသည် ပျာယီးပျာယာ လှူချင်စွာ၍
- ဒုက္ခသမား၊ ငါအဘွားမှာ
- အဒေါ်အိုမှာ ကိုယ်အစတုံး လူဖြစ်ကြီးရှုံးတော့မည်
- မိန်းမအို သူ့ခမျာလည်း လာမိပြီဖြစ်သောကြောင့် နှစ်၍သာကပ်ရသည် ကြပ်ကြပ်ကြီး မထင်စား
- ဒကာမမိန်းမအိုသည် တစ်ကိုယ်လုံးကြမ်းတမ်း ပီတိဟုန်လွှမ်းမိုးသဖြင့် ဝါဂွမ်းဆီထိ ပီတိ ဝှန်လှိုက် ဘဝဂ်သို့ဆိုက်မတတ်
- မယ်သက်ကျားကလည်း ကြွားကြွားရွှင်ရွှင် စိတ်ကြီးဝင်၍
- ရွှေစင်ကျောက်မြတ်၊ နဝရတ်သော၊ မရတ်သော၊ ပေါများသူ မင်းသူဌေး၊ စက္ကဝါတင်းတောင်းနှင့် ခပ်လောင်း၍ပေးသော်လည်း
- အနာထပိဏ်သော၊ မောင်ပိဏ်သော၊ ဝိသာခါသော၊ မယ်ခါသော၊ နောဇာနာမိ တို့မသိဘူး
- တို့မကြိုက်တို့မလို၊ ငါ့သခင်ဘုန်းမိုကို၊ ကြည်ညိုစွာ ငါလုပ်ကျွေးမည်၊ မပေးဘူး မယောင်နှင့်

❖ သူအိုမကြီးသည် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို ဆွမ်းလောင်းလှူခွင့်ရသဖြင့် ဇောပီတိတရွှင်ရွှင်ဖြင့် စိတ်ကြီးဝင်နေသောသရုပ်ကို ကျောင်းသားများနှင့် အပြန်အလှန်ဆွေးနွေးသောနည်းဖြင့် အဖြေရှာပါ။

❖ ဦးပုညမှာ အာဝဇ္ဇန်းရွှင်လှသည့် စာဆိုဖြစ်ကြောင်းကို ပေါ်လွင်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို ဆွမ်းလုပ်ကျွေးခွင့်ရတဲ့အတွက် စိတ်ကြီးဝင်နေတဲ့ သူအိုမကြီးရဲ့ ဟန်ပန်လေသံကို ဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို အိမ်မှ ဖြေလာပါစေ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဦးပုည၏ အထွေထွေသရုပ်ဖော်အဖွဲ့ကောင်းများကို လေ့လာကြမည်ဖြစ်ကြောင်းပြောပါ။

❖ သရုပ်ဖော်အဖွဲ့၏သဘောကို ကျောင်းသားများအားမေးပါ။

❖ အထွေထွေသရုပ်ဖော်အဖွဲ့တွင် သူအိုမကြီး၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အမူအရာများ၊ သူအိုမကြီး၏ပုံပန်းသွင်ပြင်များ၊ ပြည်သူတို့၏အမူအရာများ၊ အရန်ဇာတ်ဆောင်များ၏ ကိုယ်၊ နှုတ်၊ နှလုံးအမူအရာများကို သရုပ်ဖော်ထားသည့်အဖွဲ့များကို လေ့လာကြည့်ရမည်ဖြစ်ကြောင်း ရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၅ စု ဖွဲ့ပေးပါ။ ကျောင်းသုံးစာအုပ်ပါ သူအိုမကြီးဝတ္ထုတိုကို အသံတိတ်ဖတ်စေ၍ အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်စေကာ သရုပ်ဖော်အဖွဲ့များကို ထုတ်နှုတ်ပါစေ။

❖ အဖြေများကို အုပ်စုကိုယ်စားလှယ်များက တင်ပြပါစေ။

❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

❖ လိုအပ်ချက်များကို ဆွေးနွေးအဖြေရှာပါ။



DBE BOX

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။
- ❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။
- ❖ ဖြေဆိုရန်အခက်အခဲရှိသည့် ကျောင်းသားများကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။
- ❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) သူအိုမကြီးရဲ့ ပုံပန်းသွင်ပြင်ကို စိတ်မျက်စိတွင် မြင်ယောင်လာအောင် သရုပ်ဖော်ရေးသားပါ။

(၂) သူအိုမကြီး ဆွမ်းအတွက်ပြင်ဆင်ပုံကို သရုပ်ဖော်ရေးသားပါ။

(၃) ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို ဆွမ်းဖိတ်ဖို့သွားစဉ် သူအိုမကြီးရဲ့ စိတ်အခြေအနေကို ပေါ်လွင်အောင်တင်ပြပါ။

DBE BOX

## အခမဲ့ကူလီထမ်းခြင်း၏အကျိုး

**သင်ခန်းစာခေါင်းစဉ်** – အခမဲ့ကူလီထမ်းခြင်း၏အကျိုး

**ရည်ရွယ်ချက်** – မိမိထက်ငွေကြေးဥစ္စာ၊ ပညာဉာဏ်နည်းပါးသူတို့ကို စာနာထောက်ထား၍ ယင်းတို့၏အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်ပေးကြောင်းကို သိရှိစေရန်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို အထင်မသေးဘဲ တည်တံ့ခိုင်မြဲအောင်စောင့်ရှောက်လိုစိတ်များ မွေးမြူတတ်စေရန်

**သင်ယူမှုရလဒ်များ** – မိမိထက်ငွေကြေးဥစ္စာ၊ ပညာဉာဏ် နည်းပါးသူတို့ကို စာနာထောက်ထား၍ ယင်းတို့၏အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်ပေးတတ်လာမည်။ ကိုယ့်နိုင်ငံကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို အထင်မသေးဘဲ တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်လိုစိတ်များ မွေးမြူတတ်လာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း၊ ဖွင့်ဆိုရှင်းပြနည်း

**သင်ထောက်ကူပစ္စည်း** – ဦးဖိုးကျား၏ ဘဝနှင့်စာပေကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ ဦးဖိုးကျား၏ ဝတ္ထုတိုများမှ စာပိုဒ်အချို့ကို ကောက်နုတ်ထားသည့် စာကတ်ပြားများ

**သင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်၌ဦးဖိုးကျား၏ 'အခမဲ့ကူလီထမ်းခြင်း၏အကျိုး'ဝတ္ထုတိုကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဦးဖိုးကျား၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။



DBE BOX

❖ ဦးဖိုးကျားကို မြန်မာနှစ် ၁၂၅၂ ခု (ခရစ်နှစ် ၁၈၉၁ ခုနှစ်) တွင် ဟသ်ာတခရိုင်၊ နိဗ္ဗာန်ရွာ၌ ဖွားကြောင်း၊ ငယ်စဉ်က နိဗ္ဗာန်ရွာ ဦးသာသနကျောင်း၌ ပညာဆည်းပူးခဲ့ပြီး အသက် ၂၇ နှစ်တွင် ပုသိမ်မြို့ တိုင်တစ်ရာကျောင်း၌ အင်္ဂလိပ်မြန်မာ ဆယ်တန်းအောင်မြင်ခဲ့ကြောင်း၊ ယုဒသန်ကောလိပ်၌ပညာဆက်လက် ဆည်းပူးသင်ယူခဲ့ကြောင်းပြောပါ။

❖ ၁၉၂၀ ပြည့် ကျောင်းသားသပိတ်ကြီး၌ ထင်ရှားသည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ မျိုးချစ်စိတ်အရင်းခံဖြင့် ခေတ်ပြိုင်ဆောင်းပါးများကို ရေးသားခဲ့ရာ မြန်မာစာပေလောက၌ အမျိုးသားပညာဝန်ဦးဖိုးကျားဟူသည့် အမည်ဖြင့်ထင်ရှားခဲ့ကြောင်း၊ ခေတ်မီမြန်မာရာဇဝင် အကျဉ်းချုပ်၊ ငါးရာ့ငါးဆယ်ကောက်နုတ်ချက်၊ ပေါရာဏအဘိဓာန်၊ ပုသိမ်ရာဇဝင်၊ ဦးထွန်းရှိန်အတ္ထုပ္ပတ္တိ၊ ဦးပုညအတ္ထုပ္ပတ္တိ (ရေသည်ပြဇာတ်နိဒါန်း) တို့ကို ရေးသားပြုစုခဲ့ကြောင်း၊ ရေသည်ပြဇာတ်နှင့် ဝိဇယပြဇာတ်တို့ကို တည်းဖြတ်ခဲ့ကြောင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ ဆယ်သန်းမဂ္ဂဇင်း၊ စာဆိုတော်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ အမျိုးသားပညာရေးမဂ္ဂဇင်းတို့တွင် ဆောင်းပါးများရေးခဲ့ကြောင်း ဦးဖိုးကျားရေးသားခဲ့သည့် စာပေလက်ရာများကို မိတ်ဆက်ပါ။

❖ ဦးဖိုးကျားသည် အမျိုးသားကျောင်းကိစ္စများနှင့်ပတ်သက်၍ အရပ်ရပ်အနယ်နယ်သို့ရောက်ရှိရာ မိမိတွေ့ကြုံ ကြားသိခဲ့ရသည်တို့ကို အခြေပြု၍ ရဲရင့်သောစိတ်၊ မြင့်မြတ်သောစိတ်၊ တည်ကြည်သောစိတ်၊ တိုးတက်ကြီးပွားလိုသောစိတ်၊ မကောင်းသည်ကိုပယ်၍ ကောင်းရာကို ပြုပြင်လိုသောစိတ်စသည့် စိတ်ကောင်းစိတ်မြတ်များဖြစ်စေမည့် ကိုယ်တွေ့ ဝတ္ထုများ၊ သတ္တိနှင့် အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ရေးကို ဦးတည်သည့် ကိုယ်တွေ့ ဝတ္ထုများရေးသားခဲ့ရာ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး" ဝတ္ထုသည်လည်း တစ်ပုဒ်အပါအဝင်ဖြစ်ကြောင်း ကိုယ်တွေ့ဝတ္ထုများအကြောင်းကို မိတ်ဆက်ပါ။

❖ ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးရင်း မြန်မာနှစ် ၁၃၀၃ ခု (ခရစ်နှစ် ၁၉၄၂ ခုနှစ်)၌ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၌ ကွယ်လွန်ခဲ့ကြောင်းပြောပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် "အခမဲ့ကူလီထမ်းခြင်း၏အကျိုး" ဝတ္ထု၏ရည်ရွယ်ချက်ကို လေ့လာကြမည်ဖြစ်ကြောင်းပြောပါ။

❖ ရည်ရွယ်ချက်ဟူသည်မှာစာရေးသူက စာဖတ်သူအား အသိပေးတင်ပြလိုသည့် အတွေးအမြင်တစ်ခုဖြစ်ကြောင်း၊ ရည်ရွယ်ချက်ကို အာဘော်ဟုလည်း ခေါ်ကြောင်းရှင်းပါ။

❖ အခမဲ့ကူလီထမ်းခြင်း၏အကျိုး ဝတ္ထုဇာတ်လမ်းကို ကျောင်းသားများအား ဖတ်ပါစေ။

❖ ဝတ္ထု၌စာရေးသူသည် မည်သည့်အချက်ကို အဓိကထားတင်ပြသွားသနည်းဟူသည့် မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာကနားထောင်ပါ။

❖ ဆရာက ဝတ္ထု၏ရည်ရွယ်ချက်ကို ကျောင်းသားများအားပြောပါ။

❖ ဆရာနှင့် ကျောင်းသား အပြန်အလှန်ဆွေးနွေးအဖြေရှာသောနည်းဖြင့် ထိုရည်ရွယ်ချက်သို့ ရောက်အောင် ဖော်ဆောင်သွားပုံကို လေ့လာပါ။ ဆရာက ဦးဆောင်ဆွေးနွေးပါ။

- ♦ ဇာတ်လမ်းဖြင့် ဖော်ဆောင်ပုံ (စာရေးသူ(ဦးဖိုးကျား) နှင့် မောင်သောင်းတို့ ဘူတာရုံ၌ တွေ့ပုံ၊ ဦးဖိုးကျား အခမဲ့ကူလီထမ်းပေးခြင်းဖြင့် မောင်သောင်း၏ လွဲမှားနေသောအပြုအမူ၊ ထောင်လွှားနေသောမာနတို့ကို ပြုပြင်ပေးခဲ့ပုံ)
- ♦ ဇာတ်ဆောင်ဖြင့် ဖော်ဆောင်ပုံ (အဓိကဇာတ်ဆောင်များ၏အပြုအမူ၊ အရန်ဇာတ်ဆောင်များ၏ အပြုအမူများက ရည်ရွယ်ချက်ရောက်အောင် ပံ့ပိုးပေးကြပုံများ)

❖ အဖြေကို ဆရာက ခြုံငုံသုံးသပ် သင်ပြပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အခမဲ့ကူလီထမ်းခြင်း၏အကျိုး ဇာတ်လမ်းအကျဉ်းကို ရေးပါ။

(၂) စာရေးသူနဲ့မောင်သောင်းတို့ ဘူတာရုံမှာတွေ့ဆုံကြပုံကို မိမိစကားနဲ့ပြန်ရေးပါ။

(၃) မောင်သောင်း ပြောင်းလဲလာရတဲ့အကြောင်းကို အကြောင်းအကျိုးနဲ့တကွဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် အခမဲ့ကူလီထမ်းခြင်း၏အကျိုးဝတ္ထုမှ ဇာတ်ဆောင်စရိုက်များကို လေ့လာမည်ဖြစ်ကြောင်းပြောပါ။

❖ "စရိုက်ဆိုတာဘာလဲ"ဟူသည့် မေးခွန်းကို ကျောင်းသားများအားမေးပါ။



DBE BOX

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ အုပ်စု ၂ စု ကို မောင်သောင်း၏ စရိုက်၊ ကျန်အုပ်စု ၂ စုကို စာရေးသူ၏စရိုက်များကို ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေမှန် မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

❖ ထိုစရိုက်သဘာဝများကြောင့် ဇာတ်လမ်း ပို၍ပီပြင်လာပုံကို ဆရာကရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် (၂)**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဇာတ်ဆောင်များကို ဖန်တီးရာတွင် တကယ့်လူနှင့်တူအောင် လောက၌ တွေ့ရတတ်သည့် လူ့သဘောလူ့သဘာဝများကို ထည့်သွင်းဖန်တီးရကြောင်း၊ ထို့ကြောင့် ဇာတ်ဆောင်များကို လေ့လာလျှင် လူ့သဘော၊ လူ့သဘာဝအဖွဲ့ကို တွေ့ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ အဓိကဇာတ်ဆောင် မောင်သောင်းနှင့် စာရေးသူ၊ အရန်ဇာတ်ဆောင်များဖြစ်သည့် မောင်သောင်း၏အဖေ၊ အမေ၊ အစ်မနှင့် နှမများကို လေ့လာ၍ လူ့သဘာဝအဖွဲ့များကို ထုတ်နုတ်တင်ပြပါစေ။

❖ လူငယ်တို့၏သဘာဝ၊ ဖခင်တို့၏သဘာဝ၊ မိခင်တို့၏သဘာဝ၊ အစ်မနှင့် နှမတို့၏သဘာဝ၊ တစ်ဦးတည်းသောမောင်တို့၏ သဘာဝ၊ လူကြီးလူကောင်းတို့၏ သဘာဝများကို ဆရာက ဦးဆောင်၍ ဆွေးနွေးလမ်းညွှန် အဖြေရှာပါ။

❖ အဖြေများကို မှတ်စုစာအုပ်တွင် မှတ်သားပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ အခမဲ့ကူလီထမ်းခြင်းရဲ့အကျိုးဝတ္ထုကတွေ့ရတဲ့ ကိုလိုနီခေတ် ကောလိပ်ကျောင်းသားအချို့ရဲ့ သဘာဝကို ပေါ်လွင်အောင်ရေးပါ။

❖ မောင်သောင်းရဲ့ ဖခင်ကိုအခြေခံပြီး ဖခင်တို့ရဲ့သဘာဝကိုရေးပါ။

❖ မောင်သောင်းရဲ့ မိခင်ကိုအခြေခံပြီး မိခင်တို့ရဲ့သဘာဝကိုရေးပါ။

❖ မောင်နှမတို့ရဲ့သဘာ၀ကို ဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ "ဇာတ်လမ်းတွင် အားပြိုင်မှုဘယ်နှမျိုးရှိသလဲ" ဟူသည့်မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး၀တ္ထုမှာ အားပြိုင်မှုဘယ်နှမျိုးတွေ့ရသလဲ" ဟူသည့်မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။

❖ အုပ်စုတိုင်းကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်၍ အားပြိုင်မှုများ ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အခမဲ့ကူလီထမ်းခြင်းရဲ့အကျိုး၀တ္ထုကနေ ဇာတ်ဆောင်အချင်းချင်းအားပြိုင်မှုကို ဖော်ပြပါ။

(၂) အခမဲ့ကူလီထမ်းခြင်းရဲ့အကျိုး၀တ္ထုကနေဇာတ်ဆောင်နဲ့ ပတ်၀န်းကျင်အားပြိုင်မှုတွေကို ဖော်ပြပါ။

(၃) အခမဲ့ကူလီထမ်းခြင်းရဲ့အကျိုး၀တ္ထုကနေ ဇာတ်ဆောင်နဲ့သူ့ရဲ့အတွင်းစိတ် အားပြိုင်မှုတွေကို ဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။



DBE BOX

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဝတ္ထုရေးသူ၏ ထိမိသောစကားအသုံးအနှုန်းများ ရှင်းလင်းပြတ်သားသော အရေးအသားများသည် စာရေးသူ၏ ရည်ရွယ်ချက်ကို ပို၍ပေါ်လွင်စေကြောင်း၊ ဦးဖိုးကျားသည် ခေတ်စကားပြေ ရှေ့ဆောင်တစ်ဦးဖြစ်ကြောင်း၊ လွယ်ကူရှင်းလင်းသော စကားပြေကို ရေးလေ့ရှိကြောင်း၊ တိုတိုနဲ့ လိုရင်းရောက်အောင် ဒိုးဒိုးဒေါက်ဒေါက် ရေးနိုင်ကြောင်းရှင်းပါ။

❖ ယခုစာသင်ချိန်တွင် ဦးဖိုးကျား၏ အရေးအသားကို လေ့လာကြမည်ဖြစ်ကြောင်းပြောပါ။

❖ "အရေးအသားပိုင်းမှာ ဘယ်လိုအချက်တွေကို လေ့လာကြည့်ရမလဲ" ဟူသည့် မေးခွန်းကို မေးပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ အုပ်စုတွင်းတာဝန်ခွဲဝေ၍ စကားအသုံးအနှုန်း၊ စာအရေးအသား၊ အလင်္ကာ၊ ရသ စသည်တို့ကို ရှာပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပေးပါ။ လိုအပ်ချက်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဦးဖိုးကျားရဲ့ စကားအသုံးအနှုန်းတွေကို လေ့လာပါ။

(၂) အခမဲ့ကူလီထမ်းခြင်း၏အကျိုးဝတ္ထုက အလင်္ကာအသုံးကောင်းတွေကို ဖော်ပြပါ။

(၃) အခမဲ့ကူလီထမ်းခြင်း၏အကျိုးဝတ္ထုက တွေ့ရတဲ့ စာအရေးအသားတွေကိုဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

## ပညာတော်သင်

**သင်ခန်းစာခေါင်းစဉ်** – ပညာတော်သင်

**ရည်ရွယ်ချက်** – ကိုလိုနီခေတ် ပညာသင်ကြားရမှု အခြေအနေ (တစ်နည်း) ကိုလိုနီခေတ်၏ ခေတ်ကြေးမုံကို သိရှိစေရန်

**သင်ယူမှုရလဒ်** – ကိုလိုနီခေတ် ပညာသင်ကြားရမှု အခြေအနေ (တစ်နည်း) ကိုလိုနီခေတ်၏ ခေတ်ကြေးမုံကို သိရှိလာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း၊ ဖွင့်ဆိုရှင်းပြနည်း

**သင်ထောက်ကူပစ္စည်း** – ဝတ္ထုတိုသဘောသဘာဝနှင့်ပတ်သက်သော အချက်အလက်များ မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ မောင်အာယု၏ ဘဝနှင့် စာပေကိုကောက်နုတ်ထားသောစာကတ်ပြားများ၊ ပညာတော်သင် ဝတ္ထုမှ စာပိုဒ်တချို့ ကောက်နုတ်ထားသည့် စာကတ်ပြားများ

**သင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုသင်ကြားရမည့်သင်ခန်းစာမှာ"ပညာတော်သင်" ဝတ္ထုတိုဖြစ်ကြောင်း၊ စာဆို၏ ဘဝနှင့် စာပေများအကြောင်းကို မိတ်ဆက်ပေးမည်ဖြစ်ကြောင်းရှင်းပါ။
- ငယ်စဉ်ကပင် မိဘနှစ်ပါးကွယ်လွန်ခဲ့၍ မိတ္ထီလာမှ အစ်ကိုနှင့် အဒေါ်သားချင်းတို့၏ စောင့်ရှောက်မှုနှင့် ကြီးပြင်းခဲ့ရကြောင်း၊ ခြေတစ်ဖက်ဆာနေသည့်အတွက် ထော့နဲ့ထော့နဲ့ လမ်းလျှောက်ရကြောင်း၊ သူ့ဘဝအခြေအနေအရ စာတတ်ဖို့သာလျှင် အားကိုးစရာဖြစ်သည်ဟု ထင်ပုံရကြောင်း၊ ထို့ကြောင့် ဝန်ဇင်းမင်းရာဇာဖြစ်လာမည့် မိတ္ထီလာသားလေး စာဆိုညီ၏ဘဝကို အားကျကာ စာပေများ ရေးဖွဲ့ခဲ့ခြင်းဖြစ်မည်ဟု ဆရာတိုက်စိုးက သုံးသပ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာ ဂုဏ်ထူးတန်းတက်ရောက်ခဲ့ပြီး ဂုဏ်ထူးတန်းအောင်ပြီးနောက် အလုပ်နှင့် မန္တလေးဥပစာ



DBE BOX

ကောလိပ်မှာ ပညာဆက်လက်သင်ယူခဲ့သူဖြစ်ကြောင်း၊ ဂျပန်ခေတ်၌ ပြန်ကြားရေးနှင့် ဝါဒဖြန့်ချိရေး ဌာနတွင်ဘာသာပြန်အဖြစ်တာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ စစ်ပြီးချိန်၌ ရန်ကုန်မြို့ ဖိုးစိန်လမ်း တွင် အသိတစ်ယောက်နှင့်အတူနေစဉ် အိမ်ပေါ်မှလိမ့်ကျပြီး ထိုဒဏ်ရာနှင့် ဆီးဝမ်း မမှန်သော ရောဂါဖက်ပြီး ကွယ်လွန်ခဲ့ကြောင်း စာဆို၏ဘဝကို မိတ်ဆက်ပါ။

❖ အမည်ရင်းမှာ မောင်အောင်ဖြစ်ပြီး အမည်ရင်းနှင့်လည်း ဂန္ထလောကမဂ္ဂဇင်း၌ မြန်မာစာပေ ဆိုင်ရာစာတမ်းများကို ရေးသားခဲ့ကြောင်း၊ သက်ကျားစာဆိုကြီး (၁၉၃၈၊ အောက်တိုဘာ)တွင် တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညို၏ ဝေဿန္တရာပျို့ အစရှိသောပျို့များအကြောင်း ကြင်ရာရွေးပွဲ (၁၉၃၈၊ ဒီဇင်ဘာ)၌ ဦးတိုး၏ ရာမရကန်လာ ရာမလေးတင်ခန်းကို စကားပြေ နှင့်ပြန်ပြောပြီး ဦးတိုး၏အရေးအဖွဲ့စွမ်းရည်အကြောင်း၊ ရတနာကြေးမုံ (၁၉၄၁၊ နိုဝင်ဘာ) ၌ ရွှေတောင်သီဟသူ၏ ရတနာကြေးမုံဝတ္ထုမှ အဆန်းတကြယ် ရေးဖွဲ့ထားသည့် အဖွဲ့များကို ဖော်ထုတ်သုံးသပ်ထားကြောင်း စာပေလက်ရာများကို မိတ်ဆက်ပါ။

❖ ဂျပန်ခေတ် စာရေးဆရာမဂ္ဂဇင်းတွင် မြန်မာ့တေးသံနှင့်ခေတ်ပြားအကြောင်း ဆောင်းပါးများ ရေးကြောင်း မိတ်ဆက်ပါ။

❖ ပြီးမှ ကျောင်းသားများကို စာဆို၏အတ္ထုပ္ပတ္တိကို ပြန်မေးပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ မောင်အာယု၏‘ပညာတော်သင်’ဝတ္ထုသည် ကိုလိုနီခေတ်၏ ပညာသင်ကြားမှု အခြေအနေနှင့် ခေတ်ကြေးမုံကို ဖော်ပြလိုရင်းဖြစ်ကြောင်း ဝတ္ထု၏ရည်ရွယ်ချက်ကိုရှင်းပါ။

❖ ကိုလိုနီခေတ်၌ ငွေကြေးတတ်နိုင်သူများသာ ပညာတတ်များဖြစ်နိုင်ကြောင်း အင်္ဂလိပ်စာ တတ်သူနည်းကြောင်း၊ အင်္ဂလိပ်စာတတ်ပါက မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်စသည်ဖြင့် အရာရှိကြီးများဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်သူများ ရှားကြောင်းစသည်ဖြင့် ကိုလိုနီ ခေတ်အခြေအနေကို ကျောင်းသားများအားရှင်းပါ။

❖ ကျောင်းသားများက သိလိုသည်များကို ပြန်လည်ဆွေးနွေးပါ။

❖ ပညာတော်သင်ဝတ္ထုတွင် အဓိကဇာတ်ဆောင် မောင်ကံသာမှာ အင်္ဂလိပ်မြန်မာ ဆယ်တန်း စာမေးပွဲကို အောင်မြင်၍ တစ်ရွာလုံးဝမ်းသာပုံ၊ သို့သော် မောင်ကံသာ၏မိဘများမှာ ဆင်းရဲ၍ တက္ကသိုလ်မပို့နိုင်ပုံ၊ သူကြီးမင်း ဦးသာတုတ်နှင့် ဘုန်းတော်ကြီး ဦးဇနိယတို့က ဦးဆောင်၍ မောင်ကံသာကို တက္ကသိုလ်တက်နိုင်ရန် စီစဉ်ပုံ၊ နောက်ဆုံးတွင်ရွာက လိုသမျှကုန်ကျစရိတ်ကို



DBE BOX

ထောက်ပံ့ရန် သဘောတူဆုံးဖြတ်ကြပုံ၊ မောင်ကံသာ တက္ကသိုလ်သွားမည့်နေ့၌ ရွာသူရွာသားအားလုံး ပျော်မဆုံးဖြစ်ရပုံတို့ဖြင့် ရည်ရွယ်ချက်ကိုရောက်အောင် ရေးဖွဲ့ထားနိုင်ပုံကို ဆရာက ရှင်းပါ။

❖ ကျောင်းသားများအား တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ပြန်လည်ဆွေးနွေးပါစေ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ပညာတော်သင်ဝတ္ထုမှ နောက်ခံဝန်းကျင်အဖွဲ့များကို လေ့လာမည်ဖြစ်ကြောင်း ပြောပါ။

❖ နောက်ခံဝန်းကျင်၏ သဘောသဘာဝကိုပြန်မေးပါ။ "ပညာတော်သင်" ဝတ္ထုမှ နောက်ခံဝန်းကျင်နှင့် ချိန်ထိုးပြပါ။

❖ ပညာတော်သင်ဝတ္ထုမှာ ကာလအားဖြင့် ကိုလိုနီခေတ်ဖြစ်ပုံ၊ မောင်ကံသာ ဆယ်တန်းအောင်မြင်ချိန်ဖြစ်ပုံ၊ ထိုကာလအဖြစ်အပျက်များကို ရှင်းပြပြီး ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပါ။

❖ ဒေသဝန်းကျင်၌ မိတ္ထီလာမြို့နှင့် ပိန္နဲကုန်းရွာတို့ဖြစ်ပုံ၊ မိတ္ထီလာမြို့ရှိ ကျောင်းသားများ၏ အခြေအနေ၊ ပိန္နဲကုန်းရွာမှ မောင်ကံသာနှင့် ရွာသူရွာသားများ၏ အခြေအနေကိုရှင်းပါ။

❖ ကာလဝန်းကျင်၊ သဘာဝလောကဝန်းကျင်၊ လူမှုဝန်းကျင်များအကြောင်း ဆက်လက်ဆွေးနွေးပါ။

❖ ကျောင်းသားများက ပြန်လည်ဆွေးနွေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၂)ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အလင်္ကာအမည်များမေးမြန်းပါ။

❖ ထို့နောက် "ပညာတော်သင်" ဝတ္ထုမှ "လူသတ်မှုမှလွတ်လာသကဲ့သို့၊ မြင်းအီးပေါက်သကဲ့သို့၊ တုတ်ထိုးခံရသော ပျားအုံကဲ့သို့" ဟူသော ဥပမာအလင်္ကာများ၊ "နားကွဲလုမတတ်"ဟူသော အတိသယဝုတ္တိအလင်္ကာ၊ "ခြေချင်းရှုပ်"ဟူသော ဝက်ဝုတ္တိအလင်္ကာအဖွဲ့များ စသည်တို့ကို ရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ ပညာတော်သင်ဝတ္ထုအား အသံတိတ်ဖတ်စေ၍ အုပ်စုတွင်း အချင်းချင်းညှိနှိုင်းကာ အလင်္ကာများကို ထုတ်နုတ်ကြပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို အုပ်စုတစ်စုအား အကဲဖြတ်ပါစေ။

❖ အဖြေများ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

❖ ကျောင်းသားများက ပြန်လည်ဆွေးနွေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃)ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ "ပညာတော်သင်" ဝတ္ထုမှ သရုပ်ဖော်အဖွဲ့ကောင်းများဖြစ်သည့် မိတ္ထီလာမြို့ရှိ ကျောင်းသားများ၏ မြင်ကွင်းသရုပ်၊ မောင်ကံသာတက္ကသိုလ်ကျောင်းသွားမည့်နေ့ ရွာသူရွာသားများ ဆွေးနွေးတိုင်ပင်ပုံသရုပ်၊ မောင်ကံသာတက္ကသိုလ်ကျောင်းသွားမည့်နေ့ ရွာသူရွာသားများ၏ ပုံပန်းသဏ္ဌာန်သရုပ်များ စသည်တို့ကို ဆရာကရှင်းပြပြီး ကျောင်းသားများက ပြန်လည်ဆွေးနွေးတင်ပြပါ။

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။



DBE BOX

- ❖ ပညာတော်သင်ဝတ္ထုကို အသံတိတ်ဖတ်စေ၍ အုပ်စုတွင်း အချင်းချင်း ညှိနှိုင်းကာ အလင်္ကာများကို ထုတ်နုတ်ကြပါစေ။
- ❖ အုပ်စုတစ်စု၏အဖြေကို အုပ်စုတစ်စုအား အကဲဖြတ်ပါစေ။
- ❖ အဖြေများ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။
- ❖ ကျောင်းသားများက ပြန်လည်ဆွေးနွေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

- ❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၄)ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ရသမှာ ခံစားမှုဖြစ်ကြောင်း၊ ရသ ၉ ပါးရှိကြောင်း ဆရာကရှင်းပါ။
- ❖ စာမေးပွဲအောင်၍ ပျော်ရွှင်နေသော ကျောင်းသားများ၏ အသွင်သဏ္ဍာန်ကိုကြည့်၍ အားရတက်ကြွပုံမှ ဝီရရသ ရပုံ၊ ကျရှုံးသူများကိုသနားမိ၍ ကရုဏာရသရပုံ၊ မောင်ကံသာနှင့် ရွာသားများ၏ အမူအရာမှာ နှစ်သက်ကြည်နူးဖွယ် အားရဖွယ်ကောင်းပုံမှ သန္တရသနှင့် ဝီရရသရပုံ၊ မောင်ကံသာမိဘများဆင်းရဲပုံသိရပြီး သနားမိ၍ ကရုဏာရသရပုံစသည်ဖြင့် ရသ အမျိုးမျိုး ခံစားရ ပုံကိုရှင်းပါ။
- ❖ ကျောင်းသားများက ပြန်လည်ဆွေးနွေးပါ။
- ❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။
- ❖ ပညာတော်သင် ဝတ္ထုအား အသံတိတ်ဖတ်စေ၍ အုပ်စုတွင်း အချင်းချင်းညှိနှိုင်းကာ မည်သို့ခံစားရကြောင်းပြော၍ ရသဖော်ထုတ်ကြပါစေ။
- ❖ အုပ်စုတစ်စု၏အဖြေကို အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- ❖ အဖြေများ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။
- ❖ ကျောင်းသားများက ပြန်လည်ဆွေးနွေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

- ❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။



DBE BOX

## မိုးဦးကျ

**သင်ခန်းစာခေါင်းစဉ်** – **မိုးဦးကျ**

**ရည်ရွယ်ချက်** – **ရေလုပ်သားတို့၏ ဘဝကိုသိရှိစေရန်**

**သင်ယူမှုရလဒ်** – **ရေလုပ်သားတို့၏ ဘဝကိုသိရှိလာမည်။ ငါးဖမ်းနည်းပညာကို ဗဟုသုတရလာမည်။**

**သင်ကြားနည်း** – **ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဖွင့်ဆိုရှင်းပြနည်း**

**သင်ထောက်ကူပစ္စည်း** – **ဝတ္ထုတို၏ သဘောသဘာဝနှင့်ပတ်သက်သောအချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ ကြယ်နီ၏ ဘဝနှင့် စာပေများကို ကောက်နုတ်ထားသည့်စာကတ်ပြားများ၊ မိုးဦးကျ ဝတ္ထုမှ စာပိုဒ်တချို့ ကောက်နုတ်ထားသည့်စာကတ်ပြားများ၊ ငါးမျှားတံ၊ ဆောင်ပုံစသည့် ငါးမျှားကိရိယာပုံများ**

**သင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုသင်ကြားမည့် သင်ခန်းစာသည် စိတ်ကြိုက်မြန်မာစာမှ "မိုးဦးကျ" ဝတ္ထုတိုဖြစ်ကြောင်း၊ စာဆို၏ ဘဝနှင့် စာပေများအကြောင်းကို ဆရာက ဦးစွာမိတ်ဆက်ပါ။

❖ ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ် ဗျင်းဘွဲ့ရွာ ဇာတိဖြစ်၍ အဖ ဦးပိ၊ အမိ ဒေါ်စောမြတို့က ၁၉၂၂ ခုနှစ်၌ မွေးဖွားခဲ့ကြောင်း၊ တရုတ်မြန်မာကပြားဖြစ်ပြီး မွေးချင်းငါးယောက်မှာ ဒုတိယမြောက်သားဖြစ်ကြောင်း၊ အမည်ရင်းမှာ ဦးမြင့်ဆွေဖြစ်ကြောင်း၊ ၁၉၂၈ ခုနှစ်တွင် ဗျင်းဘွဲ့ရွာ ဆရာဦးတလုပ်ဖြူ၏အရပ်ကျောင်းတွင် စတင်၍ ပညာသင်ကြောင်း၊ မြန်မာစာ ပထမလတ်အောင်ကြောင်း၊ ၁၉၇၄ ခုနှစ် အောက်တိုဘာ ၂၆ ရက် စနေနေ့နံနက် ၆ နာရီမှာ ဓနုဖြူနေအိမ်တွင် ကွယ်လွန်ခဲ့ကြောင်း စာဆို၏ဘဝကို မိတ်ဆက်ပါ။



DBE BOX

- ၁၉၅၀ ပြည့်နှစ် ဧပြီလထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်း အမှတ် ၃၅ တွင် ပါဝင်သည့် ကိုတံငါ ဝတ္ထုတိုနှင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ကိုဒေါင်းစိန်၊ မယ်စိန်တို့ကို ပင်တိုင်ဇာတ်ဆောင်ပြုပြီး ရေလုပ်သားဘဝသရုပ်ဖော် ဝတ္ထုတိုပေါင်း ၁၆ ပုဒ်၊ ကိုဒေါင်းစိန်၊ မယ်စိန် ဇာတ်ဆောင် မဟုတ်သည့် မြစ်ဝကျွန်းပေါ် တံငါလုပ်သားဘဝသရုပ်ဖော် ၄ ပုဒ်၊ စုစုပေါင်း အပုဒ် ၂၀ ကို ရေးသားခဲ့သော စာရေးဆရာတစ်ဦးဖြစ်ကြောင်း၊ ပွင့်သစ်ဟူသော ကလောင်အမည်ခွဲနှင့် မြန်မာကျေးလက်စရိုက်ဘဝ၊ ဓလေ့ထုံးတမ်း၊ ခေတ်ပြိုင်ခံစားမှု၊ ရေမြေသဘာဝ ရှုခင်းနှင့် မြို့နေပွဲစားတို့၏ အမြီးအမောက်မတည့်မှုကို သရော်လှောင်ပြောင်သည့် ဝတ္ထုတို ၁၄ ပုဒ်ခန့်ရေးခဲ့ကြောင်း၊ တရုတ်စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိနှင့် တရုတ်ဝတ္ထုတို ၉ ပုဒ်ခန့်ကို ဘာသာပြန်ခဲ့ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဝတ္ထုတိုသဘောသဘာဝနှင့် ကိုက်ညီမည့်အချက်များကို တစ်ချက်ချင်း ထုတ်နုတ်ပါစေ။
- ကျောင်းသားများကို အချင်းချင်းဆွေးနွေးပြီး အဖြေရှာပါစေ။
- ပြီးမှ အဖြေများကို ညှိနှိုင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ‘မိုးဦးကျ’ ဝတ္ထုမှနောက်ခံဝန်းကျင်အဖွဲ့များကို လေ့လာမည်ဖြစ်ကြောင်းပြောပါ။
- နောက်ခံဝန်းကျင်မှာ ကာလနောက်ခံနှင့် ဒေသနောက်ခံဟူ၍ နှစ်မျိုးရှိကြောင်း ပြောပြ၍ ကျောင်းသားများကို ကာလနောက်ခံနှင့် ဒေသနောက်ခံသဘောကို နားလည်မလည်သိရှိရန် အပြန်အလှန်ဆွေးနွေးပါစေ။
- နောက်ခံဝန်းကျင်၏ သဘောကိုသိရှိပြီးနောက် ‘မိုးဦးကျ’ ဝတ္ထုမှ နောက်ခံဝန်းကျင်နှင့် ချိန်ထိုးပြပါ။
- ‘မိုးဦးကျ’ ဝတ္ထုမှာ ကာလအားဖြင့် မိုးဦးကျချိန်၊ ငါးရစ်တက်ချိန်ဖြစ်ပုံကိုရှင်းပြပြီး ကျောင်းသားများနှင့် အပြန်အလှန်ဆွေးနွေးပါ။
- ဒေသဝန်းကျင်မှာ ချောင်းမြောင်းအင်းအိုင်ပေါများသည့် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်။ ထိုကာလနှင့် ဒေသအခြေအနေကို ရှင်းပါ။
- ကာလဝန်းကျင်၊ သဘာဝလောကဝန်းကျင်၊ လူမှုဝန်းကျင်များအကြောင်း ဆက်လက် ဆွေးနွေးပါ။
- ကျောင်းသားများက ပြန်လည်ဆွေးနွေးပါစေ။

**လေ့ကျင့်ရန်မေးခွန်း**

- ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ မိုးဦးကျ၀တ္ထုမှ အားပြိုင်မှုများကို လေ့လာမည်ဖြစ်ကြောင်းပြောပါ။

❖ မိုးဦးကျ၀တ္ထုတွင် ထိုအားပြိုင်မှုများတွေ့နိုင်ကြောင်းပြောပြပြီး ကျောင်းသားများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ထုတ်နုတ်ပါစေ။

❖ ကျောင်းသားများ၏ တင်ပြချက် မှန်၊ မမှန် ဆရာက ပြန်လည်သုံးသပ်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၂)ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ မိုးဦးကျ ၀တ္ထုမှ အထွေထွေသရုပ်ဖော်အဖွဲ့များကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်း ပြောပါ။

❖ ဆရာက ကျောင်းသားများကို အထွေထွေသရုပ်ဖော်အဖွဲ့၌ ပါ၀င်သည့်အချက်အလက်များ အကြောင်းမေးပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ခွဲပါ။

❖ အထွေထွေသရုပ်ဖော်အဖွဲ့များကို အုပ်စုတွင်းအချင်းချင်းတိုင်ပင်၍ ထုတ်နုတ်ပါစေ။

❖ အဖြေများကို အုပ်စုကိုယ်စားလှယ်က သင်ပုန်းပေါ်တွင်ရေးပါစေ။

❖ ဆရာက ထိုအထွေထွေသရုပ်ဖော်အဖွဲ့များသည် ဇာတ်လမ်း၊ ဇာတ်ဆောင်ကို မည်သို့ ပံ့ပိုးပေးကြောင်းရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃)ကို ဖြေပါစေ။

DBE BOX

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ကြယ်နီ၏"မိုးဦးကျ"ဝတ္ထုသည် သရုပ်ဖော်အရေးအသားကဲသည့် ဝတ္ထုဖြစ်ကြောင်း ရှင်းပြပြီး ထိုအရေးအဖွဲ့များကြောင့် ရေလုပ်သားတို့၏ဘဝ မည်မျှသရုပ်ပေါ်လာကြောင်း ရှင်းပါ။

❖ ကျောင်းသားများနှင့် အပြန်အလှန်ဆွေးနွေးပါ။

❖ ဆရာက ခြုံငုံသုံးသပ်ပြပါ။

### လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ရသဆိုတာ ခံစားမှုပင်ဖြစ်ကြောင်း၊ ရသ ၉ ပါး ရှိကြောင်းပြောပါ။

❖ မိုးဦးကျဝတ္ထု၌ တွေ့ရှိရသည့် ရသများကိုဖော်ပြပါ။

❖ ရေလုပ်သားတို့၏ဘဝ ပင်ပန်းဆင်းရဲစွာ အသက်မွေးရပုံ သိရ၍ သနားမိသောကြောင့် ကရုဏာရသခံစားရပုံ၊ ရှိသမျှနှင့် တင်းတိမ်ရောင့်ရဲစွာနေထိုင်ပုံမှာ ကြည်နူးနှစ်သက်ဖွယ် ကောင်းသောကြောင့် သန္တရသခံစားရပုံ၊ အန္တရာယ်မျိုးစုံ ကြုံရပုံသိရ၍ ကြောက်ရွံ့မိသောကြောင့် ဘယာနကရသ ခံစားရပုံ စသည့်အကြောင်းများကို ဆရာက ကျောင်းသားများအားရှင်းပါ။

❖ ကျောင်းသားများက မိမိတို့၏ အယူအဆများကို ပြန်လည်တင်ပြပါစေ။

❖ ဆရာက ပြန်လည်သုံးသပ်ပါ။

### လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

DBE BOX

## ရောင်းခါစ

**သင်ခန်းစာခေါင်းစဉ်** – **ရောင်းခါစ**

**ရည်ရွယ်ချက်** – **လူ့သဘောလူ့သဘာဝကို သိရှိစေရန်**

**သင်ယူမှုရလဒ်များ** – **လူ့သဘောလူ့သဘာဝကို သိရှိလာမည်။**

**သင်ကြားနည်း** – **ဟောပြောဆွေးနွေးနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း**

**သင်ထောက်ကူပစ္စည်း** – **ဝတ္ထုတိုသဘောတရားစာကတ်ပြားများ၊ စကားလုံးစာကတ်ပြားများ**

**သင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်၌ မင်းရှင်၏ 'ရောင်းခါစ'ဝတ္ထုတိုကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ မင်းရှင်၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ❖ ဖခင်မှာ မီးရထားသွားလာပို့ဆောင်ရေးခရိုင်ဝန်ဦးတင့်၊ မိခင်မှာ ဒေါ်ချောဖြစ်ကြောင်း၊ ငယ်မည်မှာ ကိုကိုဖြစ်ပြီး အမည်ရင်းမှာ ဦးဝင်းဖြစ်ကြောင်း၊ သို့သော် ကလောင်အမည် မင်းရှင် ကိုပင် တရားဝင်အမည်ရင်းအဖြစ် ပြောင်းလဲယူခဲ့ကြောင်း၊ တော်လှန်ရေးကာလ မင်းရှင်နောင် တပ်ခွဲကို ဂုဏ်ပြုသောအားဖြင့် မင်းရှင်ကလောင်အမည်ယူ၍ ၁၉၄၆ ခုနှစ်တွင် အလင်းရောင် မဂ္ဂဇင်းမှာ 'ရွက်ဝါ' အခန်းဆက် ဝတ္ထုရှည်ရေးကာ စာပေနယ်ထဲကိုဝင်ရောက်ခဲ့ကြောင်း၊ မော်ကွန်းဝင် ဒုတိယအဆင့်ဖြစ်ပြီး 'လမ်းပေါ်မှာ' ဝတ္ထုတိုများစာအုပ်နှင့် ၁၉၆၂ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့ကြောင်း စာဆို၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ❖ 'ရောင်းခါစ'ဝတ္ထုဇာတ်လမ်းကို ဆရာက ရှင်းပါ။
- ❖ ဆရာက ဝတ္ထုပါဇာတ်လမ်းကို ကျောင်းသားများနားလည်မှု ရှိ၊ မရှိ မေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

- ဆရာက ယခုစာသင်ချိန်တွင် အားပြိုင်မှုအကြောင်းသင်မည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ထို့နောက် ဆရာက 'ရောင်းခါစ'ဝတ္ထုမှ အားပြိုင်မှုများကို သင်ပါ။
- "ဇာတ်လမ်းတွင် အားပြိုင်မှုဘယ်နှမျိုးရှိသလဲ" ဟူသည့်မေးခွန်းကို ကျောင်းသားများအား မေးပါ။
- 'ရောင်းခါစ'ဝတ္ထုမှာ အားပြိုင်မှုဘယ်နှမျိုးတွေ့ရသလဲ" ဟူသည့်မေးခွန်းကို ကျောင်းသားများအား မေးပါ။
- ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။
- အုပ်စုတိုင်းကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်၍ အားပြိုင်မှုများ ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။
- အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။
- အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

- 'ရောင်းခါစ'ဝတ္ထုဇာတ်လမ်းအကျဉ်းကို ရေးသားပါ။ မိမိကြိုက်နှစ်သက်သောဇာတ်ကွက်ကို ပေါ်လွင်အောင်ရေးပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၃)ကို ဖြေပါစေ။

---

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ယခုစာသင်ချိန်တွင် 'ရောင်းခါစ'ဝတ္ထုမှ ဇာတ်ဆောင်စရိုက်များကို လေ့လာမည်ဖြစ်ကြောင်း ပြောပါ။
- "စရိုက်ဆိုတာဘာလဲ"ဟူသည့် မေးခွန်းကို ကျောင်းသားများအားမေးပါ။
- ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။ အုပ်စုကို နံပါတ်စဉ်များသတ်မှတ်ပေးပါ။



DBE BOX

❖ အုပ်စုနံပါတ် (၁) က မုန့်ဟင်းခါးသည်စရိုက်ကိုထုတ်နုတ်စေပြီး၊ အုပ်စုနံပါတ် (၂) က စာရေးသူ၏စရိုက်ကိုထုတ်နုတ်စေ၍ အုပ်စုနံပါတ် (၃) က မုန့်ဟင်းခါးလာစားသူတို့၏စရိုက်ကို ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

❖ ထိုစရိုက်သဘာဝများကြောင့် ဇာတ်လမ်း ပို၍ပီပြင်လာပုံကို ဆရာက ရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၄)ကို ဖြေပါစေ။

**လုပ်ငန်းစဉ် (၂)**

**ရှင်းပြခြင်း၊သင်ကြားခြင်း**

❖ ဆရာက ယခုစာသင်ချိန်တွင်'ရောင်းခါစ'ဝတ္ထုရှိဇာတ်ဆောင်များ၏လူ့သဘောသဘာဝများကို လေ့လာကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက လူ့သဘောလူ့သဘာဝအကြောင်းကိုသင်ကြားပါ။

❖ ဇာတ်ဆောင်များကို ဖန်တီးရာတွင် တကယ့်လူနှင့်တူအောင် လောက၌ တွေ့ရတတ်သည့် လူ့သဘော လူ့သဘာဝများကို ထည့်သွင်းဖန်တီးရကြောင်း၊ ထို့ကြောင့် ဇာတ်ဆောင်များကို လေ့လာလျှင် လူ့သဘော၊ လူ့သဘာဝအဖွဲ့ကို တွေ့ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ ဆရာက 'ရောင်းခါစ'ဝတ္ထုပါ ဇာတ်ဆောင်များ၏ လူ့သဘောသဘာဝအကြောင်းသင်ကြားပါ။

❖ ဆရာက 'ရောင်းခါစ'ဝတ္ထုပါဇာတ်ဆောင်တစ်ဦးချင်းစီ၏ လူ့သဘောသဘာဝကို အသေးစိတ် သင်ကြားပါ။

❖ ဆရာက ကျောင်းသားများကိုအုပ်စု ၂ စုဖွဲ့ပေး၍ ကြိုက်နှစ်သက်သောလူ့သဘောသဘာဝအဖွဲ့ ကို ထုတ်နုတ်ပါစေ။

❖ အုပ်စုလိုက်ထုတ်နုတ်ထားသော လူ့သဘာဝအဖွဲ့များကို အတန်းရှေ့ထွက်၍ပြောပါစေ။

❖ လိုအပ်ချက်များကို ကျောင်းသားအချင်းချင်း ဖြည့်စွက်ပြောပါစေ။

❖ နောက်ဆုံးမှ ဆရာက ဖြည့်စွက်ပြောပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။



DBE BOX

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ ဆရာက ယခုစာသင်ချိန်တွင် 'ရောင်းခါစ'ဝတ္ထု၏အရေးအသားကို သင်ကြားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ဝတ္ထုရေးသူ၏ ထိမိသောစကားအသုံးအနှုန်းများ ရှင်းလင်းပြတ်သားသော အရေးအသားများသည် စာရေးသူ၏ ရည်ရွယ်ချက်ကို ပို၍ပေါ်လွင်စေကြောင်း၊ လွယ်ကူရှင်းလင်းသော အရေးအသားဖြစ်ကြောင်း၊ ဇာတ်လမ်းဇာတ်ကွက်ပေါ်အောင် ရေးနိုင်ကြောင်းရှင်းပါ။
- ❖ စကားအသုံးအနှုန်း၊ စာအရေးအသား၊ အလင်္ကာ၊ ရသ စသည်တို့ကို သင်ကြားပါ။
- ❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။
- ❖ အုပ်စုတိုင်းကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်၍ ရသများ ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။
- ❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။
- ❖ အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပေးပါ။ မှားနေလျှင် ပြင်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

- ❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ဆရာက ယခုစာသင်ချိန်တွင် မင်းရှင်၏ဝတ္ထုကိုခြုံငုံ၍ လေ့လာကြမည်ဖြစ်ကြောင်းပြောပါ။
- ❖ ဆရာက ယခုစာသင်ချိန်တွင် အားပြိုင်မှုကိုရှင်းပါ။
- ❖ ဆရာက ဇာတ်ဆောင်စရိုက်များကို ရှင်းပါ။
- ❖ ဆရာက လူ့သဘောလူ့သဘာဝအဖွဲ့များကို ရှင်းပါ။
- ❖ မင်းရှင်၏အရေးအသားကို ရှင်းပါ။
- ❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

- ❖ တစ်ဖွဲ့ကို စကားအသုံးအနှုန်း၊ စာအရေးအသား၊ အလင်္ကာ၊ ရသ စသည်တို့ကို ရှာပါစေ။
- ❖ ကျန်တစ်ဖွဲ့ကိုဇာတ်ဆောင်စရိုက်၊ ဇာတ်လမ်းအားပြိုင်မှုများ၊ လူ့သဘောသဘာဝအဖွဲ့များ ရှာပါစေ။
- ❖ အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပေးပါ။ လိုအပ်ချက်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ကြိုက်နှစ်သက်တဲ့ အားပြိုင်မှုအဖွဲ့ တစ်ခုကိုဖော်ပြပါ။

(၂) ကြိုက်နှစ်သက်တဲ့ ဇာတ်ဆောင်စရိုက်အဖွဲ့ တစ်ခုကိုဖော်ပြပါ။

(၃) ကြိုက်နှစ်သက်တဲ့ လူ့သဘော လူ့သဘာဝ အဖွဲ့ တစ်ခုကိုဖော်ပြပါ။

DBE BOX

## လူရိုးဆိုတာ

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **လူရိုးဆိုတာ** |
| **ရည်ရွယ်ချက်** | – | **လူ့သဘောလူ့သဘာဝကိုသိရှိစေရန်နှင့်ရိုးဖြောင့်သောစိတ်ဓာတ်ကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်များ** | – | **လူ့သဘောလူ့သဘာဝကိုသိရှိလာမည်။ ရိုးဖြောင့်သောစိတ်ဓာတ်ကို အားကျအတုယူလာမည်။** |
| **သင်ကြားနည်း** | – | **ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း၊ ဖွင့်ဆိုရှင်းပြနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **ဝတ္ထုတိုသဘောတရားစာကတ်ပြားများ၊ စကားလုံးကတ်ပြားများ** |
| **သင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်၌ လယ်တွင်းသားစောချစ်၏ 'လူရိုးဆိုတာ'ဝတ္ထုတိုကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ လယ်တွင်းသားစောချစ်၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။

❖ အမည်ရင်းမှာ ဦးတင်လှိုင်ဖြစ်၍ မိဘများမှာ ဦးချစ်စိန်(လယ်သမား)၊ ဒေါ်စောရှင် (မူလတန်းကျောင်းအုပ်ဆရာမ)တို့ဖြစ်ကြောင်း၊ မွေးသက္ကရာဇ်မှာ ၁၂-၄-၁၉၄၁ ဖြစ်ကြောင်း၊ ဇာတိမှာ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ထန်းတောရွာဖြစ်ကြောင်း၊ ၅ နှစ်အရွယ်၌ ဖခင်ကွယ်လွန်ပြီး မိခင်၏ အဖေဖြစ်သူ ဦးဖိုးသာနှင့် သွားရောက်နေထိုင်ခဲ့ကြောင်း၊ အဘိုးမှာ မူလတန်းကျောင်းအုပ်ဖြစ်ပြီး ထိုကျောင်း၌ပင် ပညာသင်ယူခဲ့ကြောင်း၊ ၁၀ နှစ်ကျော်အရွယ်၌ ရွာတွင် အကြမ်းဖက်သောင်းကျန်းမှုများ လွှမ်းမိုးလာ၍ မန္တလေးမြို့ရှိ BBOA မိဘမဲ့ကျောင်းသို့ တက်ရောက်ခဲ့ကြောင်း၊ ထိုကျောင်း၌ တတိယတန်းအောင်မြင်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဝန်းသိုရွာ

(အဘိုးဖြစ်သူရွာ) သို့ ပြန်၍ ကျောင်းနေပြီး စတုတ္ထတန်းအောင်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် အထက်တန်း ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်ခဲ့ကြောင်း၊ ၁၉၅၉-၆၄ ခုနှစ်အထိ ပြည်လုံးနိုင် ကျောင်းမှာ အလယ်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ်၌ ဆယ်တန်းအောင် မြင်ပြီး ၁၉၆၅ ခုနှစ်၌ မန္တလေးတက္ကသိုလ်တွင် ဆက်တက်ကြောင်း၊ ၁၉၆၈ ခုနှစ်၌ မြန်မာ ဘာသာ အဓိကနှင့်ဘွဲ့ရကြောင်း၊ ဇနီးမှာ မမြင့်မြင့် (အလယ်တန်းပြ ဆရာမ) ဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားခဲ့ကြောင်း စာဆိုအကြောင်းမိတ်ဆက်ပါ။

- ၁၉၆၃ ခုနှစ်တွင် ပထမဆုံးပုံနှိပ်ဖော်ပြခံရသည့် "နောင်တ"အမည်ရှိ ဝတ္ထုကို မြန်မာ့အလင်း သတင်းစာ သီတင်းကျွတ်လပြည့် အထူးထုတ်၌ ဖော်ပြခြင်းခံရကြောင်း၊ ၁၉၇၇ ခုနှစ်မှာ "တစ်လုံးနှစ်လုံးပုလဲကုံး" စာမူနှင့်စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု၊ ၁၉၇၈ ခုနှစ်မှာ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး" စာမူနှင့် စာပေဗိမာန် စာပဒေသာ ပထမဆု၊ ၁၉၈၀ ပြည့်နှစ်၌ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး" စာအုပ်နှင့် အမျိုးသားစာပေဆု၊ ၁၉၈၉ ခုနှစ်မှာ "ပန်းလိုချင် အပင်ပျိုးတတ်မှ" စာအုပ်နှင့် အမျိုးသားစာပေဆုကို ဒုတိယအကြိမ် ရရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်မှာ "ဥပမိရုပ်" စာအုပ်နှင့် ဆရာဝန်တင်ရွှေ စာပေဆုရခဲ့ကြောင်း၊ ဝတ္ထုတိုပေါင်းချုပ် ၁၄ အုပ် ရေးသားပြုစုခဲ့ကြောင်း မိတ်ဆက်ပါ။
- 'လူရိုးဆိုတာ ' ဝတ္ထုပါဇာတ်လမ်းကို ဆရာကရှင်းပါ။
- ဆရာက ဝတ္ထုပါဇာတ်လမ်းကို ကျောင်းသားများနားလည်မှု ရှိ၊ မရှိ မေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

- ဆရာက ယခုစာသင်ချိန်တွင်'လူရိုးဆိုတာ'ဝတ္ထုမှစာဆို၏ရည်ရွယ်ချက်ကို သင်မည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ထို့နောက် ဆရာက 'လူရိုးဆိုတာ 'ဝတ္ထုမှရည်ရွယ်ချက်ကို သင်ကြားပါ။
- 'ဝတ္ထုခေါင်းစဉ်နှင့်ဇာတ်လမ်းလိုက်ဖက်မှုရှိသလား'ဟူသည့်မေးခွန်းကို ကျောင်းသားများအား မေးပါ။
- 'လိုက်ဖက်မှုရှိပါက မည်သည့်အချက်ကလိုက်ဖက်မှုရှိသလဲ' ဟူသည့်မေးခွန်းကို ကျောင်းသားများအားမေးပါ။
- 'မလိုက်ဖက်ပါက မည်သည့်အချက်က လိုက်ဖက်မှုမရှိသလဲ' ဟူသည့်မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။

❖ အုပ်စုတိုင်းကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်၍ ဝတ္ထုအချက်များ ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေမှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) 'လူရိုးဆိုတာ' ဝတ္ထုဇာတ်လမ်းအကျဉ်းကို ရေးပါ။

(၂) မိမိကြိုက်နှစ်သက်တဲ့ဇာတ်ကွက်ကို ပေါ်လွင်အောင်ရေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် 'လူရိုးဆိုတာ'ဝတ္ထုမှ ဇာတ်ဆောင်စရိုက်များကို လေ့လာမည်ဖြစ်ကြောင်း ပြောပါ။

❖ "စရိုက်ဆိုတာဘာလဲ"ဟူသည့် မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပေးပါ။ အုပ်စုကို နံပါတ်ပေးပါ။

❖ အုပ်စုနံပါတ် (၁) က 'ချစ်အောင်'၏စရိုက်ကိုထုတ်နုတ်စေပြီး၊ အုပ်စုနံပါတ် (၂) က 'ကိုညီ'၏ စရိုက်ကို ထုတ်နုတ်စေ၍ အုပ်စုနံပါတ် (၃) က 'မိကြွေ'၏စရိုက်ကို ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

❖ ထိုစရိုက်သဘာဝများကြောင့် ဇာတ်လမ်း ပို၍ပီပြင်လာပုံကို ဆရာက ရှင်းပြပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၄)၊ (၅) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် (၂)**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဆရာက ယခုစာသင်ချိန်တွင် 'လူရိုးဆိုတာ' ဝတ္ထုရှိဇာတ်ဆောင်များ၏ လူ့သဘောသဘာဝ များကို လေ့လာကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက လူ့သဘောလူ့သဘာဝအဖွဲ့အကြောင်းကို သင်ကြားပါ။

❖ ဇာတ်ဆောင်များကို ဖန်တီးရာတွင် တကယ့်လူနှင့်တူအောင် လောက၌ တွေ့ရတတ်သည့် လူ့သဘောလူ့သဘာဝများကို ထည့်သွင်းဖန်တီးရကြောင်း၊ ထို့ကြောင့် ဇာတ်ဆောင်များကို လေ့လာလျှင် လူ့သဘော၊ လူ့သဘာဝအဖွဲ့ကို တွေ့ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ ဆရာက'လူရိုးဆိုတာ'ဝတ္ထုပါဇာတ်ဆောင်များ၏လူ့သဘောသဘာဝအကြောင်း သင်ကြားပါ။

❖ ဆရာက'လူရိုးဆိုတာ'ဝတ္ထုပါဇာတ်ဆောင်တစ်ဦးချင်းစီ၏ လူ့သဘောသဘာဝကို အသေးစိတ် သင်ကြားပါ။

❖ ဆရာက ကျောင်းသားများကိုအုပ်စု ၂ စုဖွဲ့ပေး၍ ကြိုက်နှစ်သက်သော လူ့သဘောသဘာဝ အဖွဲ့ကို ထုတ်နုတ်ပါစေ။

❖ အုပ်စုလိုက်ထုတ်နုတ်ထားသော လူ့သဘာဝအဖွဲ့များကို အတန်းရှေ့ထွက်၍ ပြောပါစေ။

❖ လိုအပ်ချက်များကို ကျောင်းသားအချင်းချင်းဖြည့်စွက်ပါစေ။

❖ နောက်ဆုံးမှ ဆရာက ဖြည့်စွက်ပြောပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၂)ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဆရာက ယခုစာသင်ချိန်မှာ'လူရိုးဆိုတာ'ဝတ္ထု၌တွေ့ရသော ဘဝပြဿနာများကို သင်ကြားမည် ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက ဘဝပြဿနာ၏အဓိပ္ပာယ်ကို ကျောင်းသားများအားရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။



DBE BOX

❖ အုပ်စုတိုင်းကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးတိုင်ပင်၍ ၀တ္ထုထဲမှတွေ့ရသော ဘ၀ပြဿနာများ ထုတ်နုတ်ပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ အုပ်စုအချင်းချင်း အဖြေများလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်သည်များကို ဖြည့်စွက်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆရာက ယခုစာသင်ချိန်တွင် လယ်တွင်းသားစောချစ်၏၀တ္ထုကို မြိုင်၍လေ့လာကြမည်ဖြစ်ကြောင်း ပြောပါ။

❖ ဆရာက ယခုစာသင်ချိန်တွင်စာဆို၏ရည်ရွယ်ချက်ကိုရှင်းပါ။

❖ ဆရာက ဇာတ်ဆောင်စရိုက်များကိုရှင်းပါ။

❖ ဆရာက လူ့သဘောလူ့သဘာ၀အဖွဲ့ကိုရှင်းပါ။

❖ မင်းရှင်၏အရေးအသားကိုရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ တစ်ဖွဲ့ကို စကားအသုံးအနှုန်း၊ စာအရေးအသား၊ အလင်္ကာ၊ ရသ စသည်တို့ကို ရှာပါစေ။

❖ ကျန်တစ်ဖွဲ့ကိုဇာတ်ဆောင်စရိုက်၊ စာဆို၏ရည်ရွယ်ချက်များ၊ လူ့သဘောသဘာ၀အဖွဲ့အနွဲ့များရှာပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပေးပါ။ လိုအပ်ချက်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ကြိုက်နှစ်သက်တဲ့ အားပြိုင်မှုအဖွဲ့ တစ်ခုကိုဖော်ပြပါ။

(၂) ကြိုက်နှစ်သက်တဲ့ ဇာတ်ဆောင်စရိုက်အဖွဲ့ တစ်ခုကိုဖော်ပြပါ။

(၃) ကြိုက်နှစ်သက်တဲ့ လူ့သဘော၊ လူ့သဘာ၀အဖွဲ့ တစ်ခုကိုဖော်ပြပါ။

(၄) 'လူရိုးဆိုတာ' ၀တ္ထုက ရရှိတဲ့ခံစားချက်တွေကိုဖော်ပြပါ။

**စာအညွှန်း**

၁။ ကျော်စောမင်း။ (၂၀၀၉)။ မြန်မာဝတ္ထုတိုရှုခင်း။ ရန်ကုန်၊ စိတ်ကူးချိုချို။

၂။ ကျော်အောင်၊ **ဦး**နှင့်အများ။ (၁၉၇၉)။ ဝတ္ထုတိုစာတမ်းများ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

၃။ စိုးညွန့်၊ **ဦး**။ (ရာပြည့်)။ (၂၀၀၅)။ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ အတ္ထုပ္ပတ္တိအကျဉ်း။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

၄။ ဆွေတင့်၊ **မောင်**နှင့်အများ။ (၁၉၇၃)။ စာအုပ်စာပေ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

၅။ တက်တိုး။ (၁၉၆၃)။ ဘဝနှင့်စာပေ။ ရန်ကုန်၊ မိုးဦးပန်းစာပေ။

၆။ တက်တိုးနှင့်အများ။ (၁၉၈၆)။ ဝေဖန်ရေးစာပေစာတမ်းများ ( ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

၇။ နန္ဒမိတ်၊ (တက္ကသိုလ်-)။ (၁၉၆၄)။ စာရေးချင်သူများသို့။ ရန်ကုန်၊ မြစာပေ။

၈။ ပီမိုးနင်း။ (၁၉၇၀)။ ဝတ္ထုရေးနည်းစာရေးနည်းလမ်းညွှန်။ ရန်ကုန်၊ ပင်းယစာပေတိုက်။

၉။ ဖိုးကျား၊ **ဦး**။ (၂၀၀၅)။၂၀ရာစု မြန်မာဝတ္ထုတို ၁၀၀ စာရေးဆရာ ၁၀၀။ ရန်ကုန်၊ သီဟရတနာ စာပေ။

၁၀။ ဘရင်၊ **ဦး** (ဟံသာဝတီ-)။ (၁၉၆၅)။ စလေဦးပုည၏ ဝတ္ထုလေးပုဒ်။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် စာပုံနှိပ်တိုက်။

၁၁။ မိုးမြေ၊ **မ**။( ၂၀၁၇)။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ။ ရန်ကုန်၊ စိုးမိုးလွင်စာပေ။

၁၂။ မြသန်းတင့်။ (၂၀၀၁)။ စာရေးခြင်းအတတ်ပညာ။ ရန်ကုန်၊ စစ်သည်တော်စာပေ။

၁၃။ ရင်ဂျမ်း၊ **ကို** ။ (၁၉၆၇) ။ စာဆိုကြေးမုံ ။ ရန်ကုန်၊ ပင်မရေစီးစာပေ။

၁၄။ ရွှေမျှား၊ **ဒဂုန်**။ (၁၉၆၈)။ ဝတ္ထုရေးနည်းနှင့်ဘာသာပြန်နည်းလမ်းညွှန်။ ရန်ကုန်၊ ဟာဒယ စာအုပ်တိုက်။

၁၅။ သူရိယကန္တိ။ (၁၉၆၇)။ ဝတ္ထုရေးလိုသော် (ဒု-ကြိမ်)။ ရန်ကုန်၊ နေစိုးရှိန်စာပေ။

၁၆။ သိန်းဖေမြင့်။ (၁၉၆၅)။ ဝတ္ထုရေးနည်းနိဿနည်း။ ရန်ကုန်၊ ယမုံနာစာပေ။

၁၇။ အောင်လင်း။ (၁၉၇၂)။ မဟာစာနိဒါန်း။ ရန်ကုန်၊ စာပေပေါင်းကူးစာအုပ်တိုက်။

၁၈။ အောင်သင်း။ (၁၉၉၄)။ ဝတ္ထုရေးရာဆောင်းပါးများ။ ရန်ကုန်၊ ရေတမာစာပေ။



DBE BOX